မြန်မာ့အလင်း

၁၂၉၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၄၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံဘုရင်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၏ (၂၃)နှစ်မြောက် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်ဆူလ်တန် ဟာဂျီဟာဆာနာလ်ဘိုလ်ကီးယားမူအစ်ဇာဒင်ဝါဒိုလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ (၂၃)နှစ်မြောက် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင်ဆူလ်တန် ဟာဂျီ ဟာဆာနာလ်ဘိုလ်ကီးယားမူအစ်ဇာဒင် ဝါဒိုလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်တပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည် မိသားစုဝင်များအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ပန်ဆင်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းပါဝင်ဆောင်ရွက် လဲချား-မိုင်းရှူး၊ မိုင်းနောင်-ဝမ်ဆင်း၊ ခိုလမ်-နမ့်စန်-မိုင်းနောင်လမ်းပိုင်းမှာ အရေးကြီးသော လမ်းများဖြစ် ဒေသခံပြည်သူများ လွယ်ကူချောမွေ့စွာ သွားလာနိုင်အောင် အဆင့်ဆင့်တိုးမြှင့်ပြုပြင်ထိန်းသိမ်း ခြီစည်းရိုးကြက်ဆူကို လျှာထားသည့်အတိုင်း သတ်မှတ်ကာပြည့်မီကျော်လွန်အောင် ကြိုးပမ်းစိုက်ပျိုး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၈နာရီ ၄၅ မိနစ်တွင် မိုင်းနောင်တပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံမှာကြားသည်။

ပါဝင်ပူးပေါင်းဆောင်ရွက်

ထိုသို့တွေ့ဆုံမှာကြားရာတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးတို့အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို မှာကြားပြီး နယ်မြေခံတပ်မိသားစုများအတွက် ထောက်ပံ့ငွေကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဆန်းဦးအား ပေးအပ်ပြီး မိသားစုများအား အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

မြန်မာနိုင်ငံသည် လူကုန်ကူးမှုပြဿနာ အလေးထား နိုင်ငံတကာနှင့် လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိ

နိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်မှုစီမံကိန်းများ ကျယ်ပြန့်လာသည်နှင့်အမျှ ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်လာသည့်နည်းတူ ပြည်ပအလုပ်အကိုင် အခွင့်အလမ်း များကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးလျက် ရှိသည်။

ပြည်ပအလုပ်အကိုင်ရရှိရေးအတွက် ပြည်တွင်း၌ အကျိုးဆောင်အေဂျင်စီများကို လုပ်ကိုင်ခွင့် ပြုထားသည်။ ယခုအခါ နိုင်ငံပေါင်း ၁၄ နိုင်ငံနှင့် ဆက်သွယ်ကာ အလုပ်အကိုင် ၃၀၀၀၀ ကျော် ရှာဖွေပေးခဲ့ပြီး ဖြစ်သည်။ သို့ရာတွင် မသမာသူများက ပြည်ပသို့သွားရောက် အလုပ်လုပ်ကိုင်လိုသူ များအား လိမ်ညာပြီး လူကုန်ကူးမှုများ ကျူးလွန်လျက်ရှိသည်။

ထိုင်းနိုင်ငံသို့ မြန်မာနိုင်ငံမှ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်နေသူ သုံးသိန်းခန့်အနက် တစ်သိန်းခန့်မှာ အထောက်အထားမဲ့ နေထိုင်လုပ်ကိုင်နေရသူများ ဖြစ်သည်။ ထိုင်းနိုင်ငံမှ စက်ရုံ ပိုင်ရှင်အချို့သည် မြန်မာနိုင်ငံမှ အလုပ်သမားရှာဖွေပေးသော ပွဲစားများနှင့် တိုက်ရိုက်ဆက်သွယ်ပြီး လုပ်အားခမပေးဘဲ ခေါင်းပုံဖြတ် အမြတ်ထုတ် လုပ်ဆောင်လျက် ရှိသည်။ အဆိုပါ လူကုန်ကူးသူ များကလည်း မိမိနိုင်ငံသားများအား အယုံသွင်း လှည့်စားကာ လူကုန်ကူး ရောင်းစားခဲ့သဖြင့် သက်ဆိုင်ရာမှ ဥပဒေနှင့်အညီ ထိန်းချုပ်အရေးယူလျက် ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းထိုင်းနိုင်ငံသို့ ယခင်က တရားမဝင်သွားရောက် လုပ်ကိုင် နေသူများအတွက် ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့မှ စတင်ပြီး ယာယီနိုင်ငံကူးလက်မှတ်များ ထုတ်ပေးကာ တရားဝင်ဖြစ်အောင် ဆောင်ရွက်ပေးခဲ့သည်။ နှစ်နိုင်ငံအစိုးရအချင်းချင်း ညှိနှိုင်း ဆောင်ရွက်ချက်အရ အလုပ်သမား အသစ်များ ထိုင်းနိုင်ငံသို့ နယ်စပ်ဝင်ပေါက်များမှနေ၍ အကုန် အကျ သက်သာစွာ တရားဝင် သွားရောက်လုပ်ကိုင်နိုင်ရေး နည်းလမ်းများကိုလည်း ပူးပေါင်းညှိနှိုင်း စီစဉ်လျက်ရှိသည်။

မြန်မာနိုင်ငံသည် လူကုန်ကူးမှုပြဿနာများကို အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာနှင့်လည်း ပူးပေါင်းဆောင်ရွက်ကာ လူကုန်ကူးမှု ပြဿနာကို အောင်မြင်စွာ တိုက်ဖျက်သွားမည် ဖြစ်သည်။ ။

မြဝတီရုပ်မြင်သံကြား

၂၃-၂-၂၀၀၇
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၃၀ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၄၀ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မုန်တိုင်းကြားက ချစ်လိပ်ပြာ** (အပိုင်း-၁၂)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ စိုက်ပျိုးသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝေဟင်ချစ်သူ** (အပိုင်း-၇)

ရန်ကုန်မြို့ သာကေတမြို့နယ် ၆ ရပ်ကွက် ၀၈ ယန္တရားအနောက် ၁၃ လမ်းနေ နှစ်ဖက်သော မိဘများအား ရည်စူး၍ ဒေါ်ပန်းငွေမိသားစုတို့က သုံးထပ် ဘိုးဘွားဆောင် သစ်ကြီးအတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွား ရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဝေဠုဝန် အိမ်ရာတိုက်(၃၅) အခန်း(၇)နေ ဦးထွန်းအောင် - ဒေါ်မြသွင် မိသားစုက ဒဂုံမြို့နယ်အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် နှစ်သိန်းကို မင်းကွန်းအနုနာယက ဆရာတော် ဘဒ္ဒန္တဝိနယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝိုင်းဝန်းဆောင်ရွက် ပိုမိုတိုးတက်ကောင်းမွန်အောင် ထိန်းသိမ်း

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မိတ္ထီလာခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ အသင်းဝင်များနှင့်အတူ ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းက မိတ္ထီလာမြို့နယ် တောမကျေးရွာဈေးအနီး၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် စေတနာရှင်များ စုပေါင်းတူးဖော်လှူဒါန်းထားသည့် စက်ရေတွင်းအား ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုး ကူညီပေးသည်။

မှာကြား

ထို့နောက် အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ် လက်ပံခေါင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း အမှတ်(၁၇၈)သို့ ရောက်ရှိပြီး အထွေထွေအတွင်းရေးမှူးက အသင်းဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာ အလှူရှင်များ စုပေါင်းလှူဒါန်း၍ ပြုပြင်မွမ်းမံ အသစ်တည်ဆောက်ထားသော ကျောင်းအဆောက်အအုံနှင့် ကျောင်းသားကျောင်းသူများအား မိတ္ထီလာမြို့ မြေပြင်အတတ်သင်လေတပ်စခန်းမှ စခန်းမှူးနှင့် အရာရှိ၊ အရာခံ၊ အကြပ်တပ်သား မိသားစုများ၏ အာဟာရအလှူဒါန ကျွေးမွေးနေမှုကိုအားပေးပြီး ကျောင်းဝင်းအတွင်း လှူဒါန်းထားသည့်စက်ရေတွင်း၊ သီးနှံစိုက်ခင်းများနှင့် ကစားကွင်းကို ကြည့်ရှုသည်။ ထို့နောက် အသင်းဝင်များ၊ ဆရာ ဆရာမများ၊ ကျေးရွာလူထု၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား ယခုကဲ့သို့ ဝိုင်းဝန်းဆောင်ရွက်ကြရေးနှင့် ပိုမိုတိုးတက်ကောင်းမွန်အောင် ထိန်းသိမ်းသွားကြရေး မှာကြားသည်။

ဖူးမြော်ကြည်ညို

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့သည် မိတ္ထီလာမြို့နယ် မကျီးပင်ပုကျေးရွာ မုန်ကျောင်း ဆရာတော် ဦးတိလောကအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ဌာနဆိုင်ရာများ၊ ကျေးရွာလူထုစုပေါင်း၍ ဘက်စုံမွမ်းမံ

ပြုပြင်ထားသည့် လောကရန်နိုင်စေတီတော်မြတ်နှင့် ပြုပြင်မွမ်းမံဆဲစေတီတော်များအား ဖူးမြော်ကြည်ညိုသည်။

အမှာစကားပြောကြား

ယင်းနောက် အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် မကျီးပင်ပုကျေးရွာ အမှတ်(၄၅) အခြေခံပညာမူလတန်းကျောင်းသို့ရောက်ရှိကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်စုပေါင်း အဆိုပြုလွှာပေးအပ်ပွဲသို့ တက်ရောက်၍ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကား ပြောကြားသည်။

အသင်းဝင်အဆိုပြုလွှာပေး

ဆက်လက်၍ မကျီးပင်ပု အရှေ့ရွာ၊ မကျီးပင်ပုအနောက်ရွာ၊ မင်းတဲကုန်းကျေးရွာ၊ တလင်းကုန်း ကျေးရွာ၊တောမကျေးရွာနှင့် ကဖြူကျေးရွာငါးရွာတို့မှ အသင်းဝင်အဆိုပြုလွှာ ၃၆၆၅ စောင်ကို ပေးအပ်ကြရာ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးကလက်ခံသည်။ **(အပေါ်ပုံ)**

ထို့နောက် အထွေထွေအတွင်းရေးမှူးက မကျီးပင်ပု မူလတန်းကျောင်း ကျောင်းဆောင်တိုးချဲ့ရေး၊ အာဟာရတိုက်ကျွေးရေး၊ ကဖြူစာကြည့်တိုက်မွမ်းမံပြင်ဆင်ရေး၊ ကျောင်းနေ အရွယ်ကလေးငယ်တိုင်း ပညာသင်ကြားနိုင်ရေးအတွက် ငွေပဒေသာပင် စိုက်ထူရေးနှင့် စိုက်ပျိုးရေရရှိရေးအတွက် လယ်ကြားမြောင်းများ တူးဖော်ရေးတို့အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းစီမံပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာ၍ ဝမ်ဆင်း-ခိုလမ်၊ နမ့်စန်တို့ရှိ နယ်မြေခံတပ်ရင်းများ၌ တာဝန်ရှိသူများ၊ မိသားစုဝင်များအားတွေ့ဆုံ၍မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဖွံ့ဖြိုးမှုကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် မိုင်းရှူး- မိုင်းနောင်- ခိုလမ်- နမ့်စန် လမ်းတစ်လျှောက်ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေနှင့် လမ်းဘေးဝဲယာ တောင်စောင်းများ၌ ဒေသထွက် သီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေနှင့် လမ်း၊ တံတား အခြေအနေများကို မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုစစ်ဆေးသည်။

တိုးမြှင့်ပြုပြင်ထိန်းသိမ်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် နမ့်စန်မြို့မှ ဆက်လက် ထွက်ခွာလာကြပြီး လွိုင်လင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ရိပ်သာ၌ တာဝန်ရှိသူများအားတွေ့ဆုံရာ ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးမြင့်အောင်က လမ်းတံတားပိုင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ခရီးစဉ်တစ်လျှောက် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေ တွေ့ရှိချက်အရ လမ်း၊ တံတားပိုင်းအနေဖြင့် လဲချားနှင့် မိုင်းရှူးလမ်းပိုင်း၊ မိုင်းနောင်-ဝမ်ဆင်းလမ်းပိုင်း၊ ခိုလမ်- နမ့်စန်-မိုင်းနောင် လမ်းပိုင်းများမှာ ဒေသအတွင်း အရေးကြီးသော ဆက်သွယ်ရေးလမ်းများဖြစ်ကြ၍ ဒေသခံပြည်သူများ လွယ်ကူချောမွေ့စွာ သွားလာနိုင်အောင် အဆင့်ဆင့်တိုးမြှင့် ပြုပြင်ထိန်းသိမ်းရေး စီမံဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ လွိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဌေးက ဒေသအတွင်းရှိ တက္ကသိုလ်များ၌ ပညာသင်ကြားမှု အခြေအနေကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ကြိုးပမ်းစိုက်ပျိုး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် လွိုင်လင်-တောင်ကြီး ပြည်ထောင်စုလမ်းမကြီးအတိုင်း ဆက်လက်ထွက်ခွာလာရာ ဟိုပုန်းမြို့အဝင်၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်က စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင် ဧက ၁၀၀၀ စိုက်ကွင်းသို့ ရောက်ရှိကြရာ တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေးက စိုက်ပျိုးရန်မြေပြုပြင်ထားရှိမှုနှင့် စိုက်ပျိုးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ခြံစည်းရိုးကြက်ဆူပင်ကို နိုင်ငံတော်က လျာထားသတ်မှတ်ပေးထားသည့်အတိုင်း သတ်မှတ်ဧက ပြည့်မီကျော်လွန်အောင် ကြိုးပမ်း စိုက်ပျိုးရန်နှင့် ရှင်သန်ဖြစ်ထွန်းအောင် စနစ်တကျ ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ဒေသတွင်း စက်သုံးဆီ လိုအပ်ချက်ကို ဇီဝဒီဇယ်ဆီဖြင့် ဆောလျင်စွာ ဖြည့်ဆည်းနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

စိုက်ပျိုးထား

ရှမ်းပြည်နယ် (တောင်ပိုင်း)၌ ခြံစည်းရိုးကြက်ဆူပင် ဧကငါးသိန်း စိုက်ပျိုးရန် သတ်မှတ်ထားရာ ၂၀၀၆ ခုနှစ်တွင် ဧက ၁၅၀၀၀၀၊ ဒုတိယနှစ်တွင် ဧက ၁၅၀၀၀၀ နှင့် တတိယနှစ်တွင် ဧက၂၀၀၀၀၀ စိုက်ပျိုးရန် လျာထားသည့်အနက် ၂၀၀၆ခုနှစ်တွင် ၁၅၂၄၄၈ ဧက စိုက်ပျိုးထားပြီဖြစ်ကြောင်း၊ ဆက်လက်စိုက်ပျိုးသွားရန်အတွက် စိုက်ပျိုးပင်၇၀၂၀၀၀နှင့် ကိုင်းစိုက်အပင်၁၇၂၅၆၀၀ပျိုးထောင်ထားပြီး ကြက်ဆူစေ့ စုဆောင်းမှုအဖြစ် တိုင်းစစ်ဌာနချုပ်အပါအဝင် ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ၄၈၄၈၆ ပြည် စုဆောင်းထားပြီးဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် ဟိုပုန်းမြို့မှ ဆက်လက် ထွက်ခွာလာပြီး တောင်ကြီးမြို့သို့ ရောက်ရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အသေးစားချေးငွေလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးထိန်လင်းအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဘရူနိုင်းနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၂၃ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၂၃)နှစ်မြောက် အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဘရူနိုင်းဒါရူဆလမ် နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး မင်းသားဟာဂျီမိုဟာမက် ဘိုလ်ကီးယားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

(၆၂)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

အလှူငွေလက်ခံ

ဖခင်ကြီး ဦးကျော်ရင်နှင့် မိခင်ကြီး ဒေါ်သင်းသင်းမော်တို့အားရည်စူး၍ တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် သံသုမာလမ်းနေ သားသမီး မြေးတစ်စုတို့က တောင်ဥက္ကလာပစေတီတော်နှင့် အရုံစေတီရှစ်ဆူတို့အား ပထမအကြိမ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရန် အလှူငွေ ကျပ်တစ်သိန်း ငါးသောင်းကို ဖေဖော်ဝါရီ ၁၀ရက်က ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သွင်နှင့် ဒုတိယဥက္ကဋ္ဌ ဦးကြည်ဝင်းတို့က လက်ခံယူစဉ်။

(၂၀၀)

အောင်စကြာ ဘဒ္ဒန္တစန္ဒသူရိယ တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာနနာယက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် ဖေဖော်ဝါရီ ၂၇ရက် ညတွင် စမ်းချောင်းမြို့နယ် မုန့်လက်ဆောင်းကုန်းရပ်ကွက် ရန်ကင်း၊ ရန်ရှင်း၊ ရန်ပြိုလမ်း၊ ၂၈ ရက်နှင့် မတ် ၁ ရက်ညများတွင် ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့ လောကမှန်ကူ ဆုတောင်းပြည့်ဘုရားပွဲ၊ ၃၊ ၄ရက် ညများတွင် မှော်ဘီမြို့နယ် ဆပ်သွားတောကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ ၆၊ ၇ရက် ညများတွင် ကျောက်တန်းမြို့နယ် ရှမ်းချောင်းကျေးရွာ ဦးစန်းမြင့်၏အလှူမဏ္ဍပ်၊ ၉၊ ၁၀၊ ၁၁ရက် ညများတွင် မင်းလှမြို့နယ် စိန်ကန့်လန့်ကျေးရွာ ရတနာပုံကျောင်း၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆ရက် ညများတွင် သန်လျင်ဓမ္မရိပ်သာ၊ ၁၈၊ ၁၉ရက် ညများတွင် ကွမ်းခြံကုန်းမြို့နယ် တောင်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၊ ၂၀၊ ၂၁၊ ၂၂ရက် ညများတွင် မော်လမြိုင်ကျွန်းမြို့နယ် ရေကျော်ရွာ၊ ၂၄၊ ၂၅ရက် ညများတွင် မင်္ဂလာဒုံမြို့နယ် လေးထောင့်ကန်စံပြကျေးရွာ၊ ၂၆ရက် ညတွင် ကျောက်တန်းမြို့ ကျိုက်ပြာသာဒ်တနော်ဘုရား၊ ၂၇ရက်ညတွင် သုံးခွမြို့နယ် အနောက်ကျေးရွာ၊ ၃၀ရက်ညတွင် သန်လျင်မြို့ဟောင်း အလယ်ရပ်ကွက် ကမ်းနားလမ်း၊ ၃၁ရက်ညတွင် ကမာရွတ်မြို့နယ် (၅)ရပ်ကွက် ဆင်မလိုက်အုန်းတော ဆရာစံလမ်းမတို့တွင် တရားတော်များ ဟောကြားတော်မူမည်ဖြစ်ပြီး ဆရာတော် ဖုန်း-၀၁-၂၂၄၆၈၁၊ ၀၉-၅၁၁၈၅၃၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

The Live News ဂျာနယ် အမှတ်(၂၅) ထုတ်ဝေဖြန့်ချီ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေ ဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၂၅)ကို ယနေ့ထုတ်ဝေ ဖြန့်ချိလိုက်သည်။

ကိုရီးယားနိုင်ငံမှ အပ်နှံထားသော လက်ချောင်းပေါင်းတစ်ထောင်၊ မျက်လုံးပေါင်းတစ်ထောင် ကွမ်ရင်ရုပ်တုကြီး အချောသပ်ပြီးစီး၊ အာဆီယံခရီးသွားလုပ်ငန်းဖွင့်ပွဲတွင် မြန်မာဒီဇိုင်နာ၏ လက်ရာများအား စင်ကာပူမော်ဒယ်လ်များနှင့် ဆင်ယင်ပြသ၊ မြန်မာတွေ ဘာစားကြမလဲ၊ ငပလီ၊ ချောင်းသာ၊ ငွေဆောင်ရှိ သဘာဝအလှအပများက နိုင်ငံခြားသားများကို ဆွဲဆောင်နေ၊ မြင်းမူမြို့က ဘကြီးဆင်၊ နိုင်ငံတကာ အလှမွေးငါးပွဲတော်သို့ မြန်မာနိုင်ငံမှ ငါးဝါသနာရှင်များ သွားရောက်လေ့လာနိုင်၊ ဤခရီး မဝေးပါ၊ နောက်ဆုံးပေါ် အမေရိကန်(F-22) တိုက်လေယာဉ်များ အိုကီနာဝါသို့ရောက်ရှိ၊ ကိုယ်ရေးလျှို့ဝှက်ချက်များကို ပွင့်လင်းစွာဖော်ထုတ်တင်ပြထားသော ပြင်သစ်သမ္မတကြီး ဂျက်ရှီရက်၏ စာအုပ်၊ ပါကစ္စတန်တရားရုံး၌ အသေခံဗုံးခွဲ၍ ၁၆ဦးသေဆုံး၊ ဩစတြေးလျတွင် အမေရိကန်စစ်စခန်းအသစ်တစ်ခု တည်ဆောက်မည်၊ အီရတ်မှ အမေရိကန်တပ်များ ရက်ပေါင်း၉၀အတွင်း စတင်ထွက်ခွာရန် ဟီလာရီကလင်တန်တောင်းဆို၊ နေ့စွဲမျဉ်းပေါ်က အစိမ်းရောင်မျဉ်းတန်း၊ ကိုဆိုဗို၊ တက္ကစီမင်းနှင့် ပန်းကုံးပြဿနာ၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာ ကဏ္ဍများကို မြင့်ဆွေမြင့်၊ စည်သူအောင်၊ မြင်းမူမောင်နိုင်မိုး၊ ကိုကိုလှိုင်၊ မောင်နေလင်း၊ နီငြိမ်း(အညာတက္ကသိုလ်)၊ ထွဋ်ဝင်းထွဋ်နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂နှင့် ၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၈ ခုနှစ် တပေါင်းလဆန်း ၈ ရက် (ဥပုသ်နေ့)
၂၃-၂-၂၀၀၇ ရက် (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	ရိုးရာကျေးလက်ကစားနည်း
၈:၀၀	၆။	အတီးပြိုင်ပွဲ
၈:၀၅	၇။	လယ်ယာစီးပွားမြင့်မားစေရန် ပဒဲရေလှောင်တမံ
၈:၁၀	၈။	အကပြိုင်ပွဲ
၈:၂၀	၉။	ကြေးမုံရိပ်သွင်တေးနယဉ်
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	English for Everyday Use

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	Practice in Reading
၁၆:၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ် (ဥပဒေအထူးပြု) [ဥပဒေပညာ]
၁၇:၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၁၅	၆။	**"စက်မှုတပ်ဆင် လုပ်ငန်းတွင်"** အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ မို့မို့မြင့်အောင် (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
၁၇:၂၀	၇။	မြန်မာစာ မြန်မာစကား
၁၇:၃၅	၈။	**"သူငယ်ချင်းမရှိတဲ့ဥပဒေ"** မင်းဝေ၊ ခင်ဇာခြည်ကျော်၊ ဧကရီကျော်ကျော် (ဒါရိုက်တာ-မောင်ယဉ်ကျော်)
၁၇:၄၅	၉။	နှောင်းခေတ်တေးပဒေသာ
၁၈:၀၀	၁၀။	ညနေခင်းသတင်း
၁၈:၃၀	၁၁။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၂။	သုတစုံလင် ရွှေဉာဏ်ရှင်
၁၉:၀၅	၁၃။	**"တို့တစ်ရွာလုံးချမ်းသာပြီ"** ဆန်းထွဋ်၊ သူသူဟံသာ၊ အကယ်ဒမီ ဇော်ဦး၊ မိုးဒီ၊ ငွေတောင်၊ တက္ကသိုလ်ဂွမ်းပုံ (ဒါရိုက်တာ- တင်အောင်ရွှေ-သုတေသီ)
၂၀:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အကြင်နာရွှေဦး"** (အပိုင်း-၁၅)
	၁၈။	မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်

ဘူမိဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

၁၉၉၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဘာသာရပ်သို့ ဝင်ခွင့်ရကျောင်းသား ကျောင်းသူများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၄ ရက် (တနင်္ဂနွေနေ့) နံနက်၉ နာရီမှမွန်းတည့် ၁၂နာရီအထိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားပြီး အလှူငွေများကို ကိုကျော်ထင်ဇော်(ကျော်ကြီး) ဖုန်း-၀၉-၅၁-၈၁၈၇၀၊ ကိုဌေးလှိုင် ဖုန်း-၇၀၇၀၇၈၊ မအိမွန်သန့် ဖုန်း-၂၄၆၅၃၀၊ မကြည်နွယ်နွယ်အောင်(အထူး) ဖုန်း-၅၂၄၇၃၉၊ မအိငွေဖြူ ဖုန်း-၀၉- ၈၀-၂၁၂၀၀နှင့် မမြသန္တာဦး (အီကြာကွေး) ဖုန်း-၅၃၈၂၀၇နှင့် ၅၀၂၁၈၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ယနေ့မီးဘေးကြိုတင် ကာကွယ်ရေးသည် မနက်ဖြန် မီးဘေး လုံခြုံရေးဖြစ်သည်။

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ နစ်ဆန်းဒီဇယ်မော်တော်ကား ထုတ်လုပ်ရေးလုပ်ငန်းခွင် တစ်နေရာကို ဖေဖော်ဝါရီ ၂၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နှစ်သစ်ကူးကာလ မူးယစ်သောက်စား ယာဉ်မောင်းများအား တရုတ်၌ အရေးယူသွားရန် အမိန့်ထုတ်ပြန်ကြေညာ

ပေကျင်း ဖေဖော်ဝါရီ ၂၂

တရုတ်နိုင်ငံတွင် နွေဦးရာသီ အားလပ်ရက်များအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် သီတင်းနှစ်ပတ်ကြာ မူးယစ်သောက်စား ယာဉ်မောင်းခြင်းမပြုရန် အမိန့်ထုတ်ပြန်လိုက်သည်။

အဆိုပါအမိန့်ဥပဒေသည် ဖေဖော်ဝါရီ ၂၀ရက်မှ မတ်၅ရက်အထိ အကျုံးသက်ရောက်မည် ဖြစ်ကြောင်း၊ စားသောက်ဆိုင်များ၊ ဘားဆိုင်များနှင့် ဖျော်ဖြေရေးကလပ်များတွင် ရဲတပ်ဖွဲ့ဝင်များက စောင့်ကြည့်တင်းကျပ်သွားမည်ဖြစ်ကြောင်း တရုတ်ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာနက ပြောကြားသည်။

ပြောကြား

ယင်းကာလအတွင်း ဥပဒေချိုးဖောက်သည့် ယာဉ်မောင်းများအား ယွမ်ငွေ ၂၀၀၀ (အမေရိကန်ဒေါ်လာ ၂၆၃ဒေါ်လာ)နှင့် ၁၅ရက် အချုပ်အနှောင် ခံရမည်ဟု ၎င်းဝန်ကြီးဌာနက ဆက်လက် ပြောကြားသည်။

လှုံ့ဆော်

အဆိုပါကာလအတွင်းယာဉ်မောင်းများ မူးယစ်သောက်စား ယာဉ်မောင်းခြင်းမပြုရန် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် မိုဘိုင်းလ်ဖုန်းများ၊ အီလက်ထရွန်နစ် စကရင်များတွင် သတိပေးလှုံ့ဆော်မှုများ ထုတ်လွှင့်ထားမည်ဖြစ်ကြောင်း ၎င်းဝန်ကြီးဌာနက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်တာနက် – ကျန်းမာရေး

ဟင်းသီးဟင်းရွက်စားပြီး နေ့စဉ် လမ်းလျှောက်လျှင် နှလုံးရောဂါနှင့် လေဖြတ်ဝေဒနာများ ကာကွယ်နိုင်

နယူးယောက် ဖေဖော်ဝါရီ ၂၂

အမျိုးသမီးများ အနေဖြင့် နှလုံးနှင့် လေဖြတ်ဝေဒနာများ မဖြစ်ပွားရန် ကြိုတင်ကာကွယ်ရာတွင် စနစ်တကျ ပြုလုပ်သင့်ကြောင်း၊ ခေတ်မီနည်းလမ်းကို ကျင့်သုံးလိုက်နာသင့်ကြောင်း၊ အမေရိကန် နှလုံးဆိုင်ရာအသင်းက တိုက်တွန်းလိုက်သည်။

ပြုလုပ်ရမည်

ခေတ်မီနည်းလမ်းမှာ အမျိုးသမီးများအနေဖြင့် ကိုယ်လက်လေ့ကျင့်ခန်း မှန်မှန်ပြုလုပ်ခြင်း၊ နေထိုင်မှုပုံစံ ပြောင်းလဲခြင်းများကို အသက်(၆၅)နှစ်အရွယ် အမျိုးသမီးကြီးများအနေဖြင့် နေ့စဉ် အက်စပရင်ကဲ့သို့သော ဆေးဝါးကို ၈၁မီလီဂရမ်အောက် စားသုံးခြင်းတို့ ပြုလုပ်ကြရမည်ဖြစ်ကြောင်း အမေရိကန် နှလုံးဆိုင်ရာအသင်း (အေအိပ်ချ်အေ)က ပြောကြားသည်။

မခံစားရနိုင်

နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုအဖြစ် လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ခြင်း၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက်များကို များများ စားသုံးခြင်း၊ နေ့စဉ် အချိန်မိနစ် ၆၀မှ မိနစ်၉၀အထိ ခပ်သွက်သွက်လမ်းလျှောက်ခြင်း၊ ကိုယ်အလေးချိန် လျှော့ချခြင်းတို့ပြုလုပ်ပါက နှလုံးရောဂါနှင့် လေဖြတ်ဝေဒနာများ မခံစားရနိုင်ကြောင်း(အေအိပ်ချ်အေ)က ထုတ်ဝေသော ဆေးပညာဂျာနယ်၌ ဖော်ပြထားသည်။

(အင်တာနက်)

သဘာဝ ပဋိသန္ဓေတားနည်း ဂျာမန် သုတေသီတို့တွေ့ရှိ

လန်ဒန် ဖေဖော်ဝါရီ ၂၂

သဘာဝ ပဋိသန္ဓေတားနည်းသည် ပဋိသန္ဓေတားဆေးကဲ့သို့ပင် ထိရောက်မှုရှိကြောင်း ဂျာမန်သုတေသီများက ကြေညာသည်။

ခန္ဓာကိုယ်ကို ကြိုတင်အပူချိန်တိုင်းနည်း (အက်စ်တီအမ်)(အောက်ပုံ) **သည် တစ်လအတွင်း မျိုးအောင်မှုအဆင့်များကို တိုင်းတာသိရှိနိုင်ပြီး အတိအကျ လိုက်နာကျင့်သုံးပါက ပဋိသန္ဓေတားရေးအတွက် စိတ်ချရသည် ဆို၏။**

တွေ့ရှိ

ဟိုက်ဒယ်ဘတ် တက္ကသိုလ် သုတေသီများက အမျိုးသမီး ၉၀၀ကို စမ်းသပ်ကြည့်ရာတွင် အမျိုးသမီး ၁၀၀လျှင် တစ်နှစ်အတွင်း သုည ဒသမ လေးဦးသာလျှင် ကိုယ်ဝန်ဆောင်နှုန်းရှိကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် အက်စ်တီအမ်နည်း အသုံးပြုခြင်းဖြင့် ဆေးမစားဘဲ ပဋိသန္ဓေကို ထိရောက်စွာ တားမြစ်နိုင်ကြောင်း ဂျာမန်သုတေသီများက အကြံပြုထားသည်။

(အင်တာနက်)



လော့စ်အိန်ဂျလိစ်မြို့၌ အပူချိန်စံချိန်တင် မြင့်တက်

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၂

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ယခုရက်ပိုင်းအတွင်း အပူချိန် စံချိန်တင်မြင့်တက်ခဲ့ပြီး အပူလှိုင်းများ ကျရောက်ခဲ့ကြောင်း၊ ယင်းမှာ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုကြောင့်ဖြစ်ကြောင်း ပြည်တွင်း မီဒီယာများက သတင်းထုတ်ပြန်သည်။

လော့စ်အိန်ဂျလိစ်မြို့တွင် ဖေဖော်ဝါရီ၁၇ရက်၌ စံချိန်တင် အပူချိန်မြင့်တက်ခဲ့ပြီး အထူးသဖြင့်လော့စ်အိန်ဂျလိစ်လေဆိပ်နှင့်ကယ်လီဖိုးနီးယားတောင်ပိုင်း နေရာဒေသအများအပြားတွင် အပူချိန် သိသိသာသာ မြင့်တက်ခဲ့ကြောင်း အမျိုးသား ရာသီဥတုဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဘီလ်ဟိုဖာက ပြောကြားသည်။

အပူချိန်

ထိုနေ့က လော့စ်အိန်ဂျလိစ် လေဆိပ်၌ အပူချိန် ၈၇ ဒီဂရီဖာရင်ဟိုက်ရှိနေပြီး ကယ်လီဖိုးနီးယား တက္ကသိုလ်၌လည်း အပူချိန် ၈၇ ဒီဂရီ ဖာရင်ဟိုက်ရှိနေသည်။ အခြားနေရာများတွင်လည်း အပူချိန် ၈၇ ဒီဂရီဖာရင်ဟိုက်နှင့် ၈၂ဒီဂရီ ဖာရင်ဟိုက် အကြား ရှိခဲ့ကြောင်း သိရသည်။

ရောက်ရှိခဲ့

သို့ရာတွင် လော့စ်အိန်ဂျလိစ်မြို့၌ ဖေဖော်ဝါရီ ၁၇ရက်က အပူချိန်၈၉ဒီဂရီဖာရင်ဟိုက်အထိ ရောက်ရှိခဲ့ကြောင်း ဘီလ်ဟိုဖာက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘဂ္ဂဒက်ရှိ စစ်စခန်းအနီး ကားဗုံးခွဲတိုက်ခိုက်

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၂

ဘဂ္ဂဒက်မြို့တော် မြောက်ဘက် စစ်စခန်းတစ်ခုအနီးတွင် ဖေဖော်ဝါရီ ၁၉ရက်က အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး၁၇ဦးဒဏ်ရာရသွားကြောင်း အမေရိကန် စစ်ဘက်က ကြေညာသည်။

ကားဗုံးခွဲ တိုက်ခိုက်သည့်နေရာကို လုံခြုံရေး ချထားလိုက်ပြီး ဒဏ်ရာရ တပ်ဖွဲ့ဝင်များကို ကုသရန် ပြန်သယ်လာကြောင်း စစ်ဘက် ကြေညာချက်တွင် ဖော်ပြပါရှိသည်။

စောစောပိုင်းကလည်း အန်ဘာပြည်နယ်အတွင်း ထိုးစစ်ဆင်တိုက်ခိုက်ရာ၌ အမေရိကန် မရိန်းတပ်ဖွဲ့ဝင် တစ်ဦး ဖေဖော်ဝါရီ ၁၇ရက်က သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ကြေညာသည်။

၂၀၀၃ခုနှစ်တွင် အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံအား ကျူးကျော်ပြီးနောက် အီရတ်နိုင်ငံ၌ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၃၁၄၀ခန့်ရှိသွားပြီဟု အမေရိကန် စစ်ဌာနချုပ် စာရင်းများအား မှီငြမ်းကာ မီဒီယာများက ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှု အီးယူနိုင်ငံအားလုံး လျှော့ချရန် တိုက်တွန်း

လန်ဒန် ဖေဖော်ဝါရီ ၂၂

၂၀၂၀ပြည့်နှစ် အရောက်တွင် လေထုတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်မှု ၃၀ရာခိုင်နှုန်း လျှော့ချရေး အဆိုပြုချက်ကို ဥရောပနိုင်ငံများသမဂ္ဂ (အီးယူ)ဝင် နိုင်ငံအားလုံးက ထောက်ခံကြရန် လိုအပ်ကြောင်း၊ သို့မဟုတ်ပါက ရာသီဥတုပြောင်းလဲမှုတားဆီးရေး တစ်ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းမှုကို ထိခိုက်လာလိမ့်မည်ဟု အဖွဲ့ဝင်သုံးနိုင်ငံ ဝန်ကြီးများက သတိပေးလိုက်သည်။

ဆောင်ရွက်

အီးယူအဖွဲ့ဝင် ၂၇နိုင်ငံအကြား ညီညီညွတ်ညွတ် ဆောင်ရွက်ကြရန် ဗြိတိန်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေးဗစ်မီလီဘန်နှင့်တကွ စပိန်နှင့် ဆလိုဗားကီးယားပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးများက အထက်ပါအတိုင်း တိုက်တွန်း သတိပေးခြင်းဖြစ်သည်။

အခက်အခဲ

အီးယူအဖွဲ့ဝင်များ အနေဖြင့် ညီညီညွတ်ညွတ် ဆောင်ရွက်နိုင်ခြင်း မရှိလျှင် အမေရိကန်နှင့် တရုတ်ပြည်ကဲ့သို့သော နိုင်ငံများအား ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ငွေ့ ထုတ်လွှတ်မှု လျှော့ချရန် သဘောတူလက်ခံအောင် စည်းရုံး တိုက်တွန်းရာတွင် အခက်အခဲကြုံမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ဆွေးနွေး

အီးယူပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးများသည် အဆိုပြုချက်များကို ဖေဖော်ဝါရီ ၂၀ ရက် အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြသည်။

(အင်တာနက်)

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ငါးထပ်အဆောက်အအုံတစ်ခု ပြိုကျပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည်ကို ဖေဖော်ဝါရီ ၂၁ရက်က တွေ့ရစဉ်။

(အဆိုပါ အဆောက်အအုံပြိုကျမှုကြောင့် အနည်းဆုံး နှစ်ဦးသေဆုံးပြီး ၂၆ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း သိရသည်။) **(ဓာတ်ပုံ–အင်တာနက်)**

ဟောင်ကောင်၌ တရုတ်နှစ်သစ်ကူးပွဲတော်တွင် တရုတ်ရိုးရာ ခြင်္သေ့အကများနှင့် သီဆို ဖျော်ဖြေနေကြသည်ကို ဖေဖော်ဝါရီ ၂၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ၌ ရွှေထုတ်လုပ်မှု မြင့်တက် ၂၀၀၇ခုနှစ်၌ တန်ချိန် ၂၆၀ ထုတ်လုပ်မည်

ပေကျင်း ဖေဖော်ဝါရီ ၂၂

တရုတ်နိုင်ငံသည် ၂၀၀၆-၂၀၁၀ ပြည့်နှစ်အထိ ငါးနှစ်တာကာလအတွင်း ရွှေတန်ချိန် တန်၁၃၀၀ ထုတ်လုပ်နိုင်ရန် စီစဉ်ထားကြောင်း တရုတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်က သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံအနေဖြင့် ရွှေပိုမိုထုတ်ယူနိုင်ရန် ထုတ်လုပ်မှုနည်းစနစ်၊ အသုံးအဆောင်ပစ္စည်းများနှင့် ရွှေတွင်းလုပ်ငန်းများ အဆင့်မြှင့်တင်မှု စသည်တို့ကိုပြုလုပ်ရမည်ဖြစ်သည်။

မြင့်တက်

တရုတ်နိုင်ငံသည် ပြီးခဲ့သည့်နှစ်က ရွှေတန်ချိန် ၂၄၀ကို ထုတ်လုပ်နိုင်ခဲ့ရာ နှစ်ချင်းအလိုက် မြင့်တက်မှုမှာ ၇ ဒသမ ၁၅ ရာခိုင်နှုန်းရှိကြောင်း ရွှေသတ္တုမိုင်းများတွင် အရန်ရွှေထားရှိမှုမှာလည်း တန် ၆၅၀ ကျော်ရှိကြောင်းသိရသည်။

ပြောကြား

ယခု ၂၀၀၇နှစ်တွင် ရွှေတန်ချိန် ၂၆၀ ထွက်ရှိရန်ရည်မှန်းထားပြီး ရွှေအရန်ပမာဏမှာ တန်ချိန် ၇၀၀ တိုးတက်လာမည်ဖြစ်ကြောင်း အဆိုပါကော်မရှင်က ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဇမ်ဘီယာ၌ ရောဂါတစ်မျိုးကြောင့် နွား ၃၅၇ကောင် သေဆုံးခဲ့

ချင်ဆလီ(ဇမ်ဘီယာ) ဖေဖော်ဝါရီ ၂၂

ဇမ်ဘီယာနိုင်ငံမြောက်ပိုင်း ချင်ဆလီပြည်နယ်၌ ယခုနှစ်အစောပိုင်းက နွား ၃၅၇ ကောင် ရောဂါကူးစက်ခံရပြီး သေကျေပျက်စီးခဲ့ကြောင်း ပြည်နယ်စိုက်ပျိုးရေး ညှိနှိုင်းရေးမှူး ဂတ်စတွန်ဖီရီက ချင်ဆလီ၌ ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြောကြားသည်။

အဆိုပါ ရောဂါဆန်း တစ်မျိုးသည် ဇမ်ဘီယာအရှေ့ပိုင်းပြည်နယ်မှ ပျံ့နှံ့ကူးစက်လာခြင်းဖြစ်ကြောင်း၊ အိမ်နီးချင်း တန်ဇန်းနီးယားနိုင်ငံ၌လည်း ပြီးခဲ့သည့်လက ရောဂါကူးစက်ခံရပြီး တိရစ္ဆာန်များ သေဆုံးခဲ့ကြောင်း ပြောကြားသည်။

ဆောင်ရွက်

အဆိုပါ ဒေသအာဏာပိုင်များက ထိုကဲ့သို့ ကျွဲ၊ နွားများ သေကျေနေ၍ ရောဂါထိန်းချုပ်ရေး အစီအစဉ်များကို တိုးချဲ့ဆောင်ရွက်ပေးရန် အစိုးရထံ မေတ္တာရပ်ခံထားသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ယူရေနီယံ သန့်စင်မှု အီရန် ရပ်ဆိုင်းမည်မဟုတ်

တီဟီရန် ဖေဖော်ဝါရီ ၂၂

အတိမ်းအစောင်းမခံသည့် အဏုမြူလုပ်ငန်းကို မပြုလုပ်ရန် အီရန်အစိုးရအား ဖေဖော်ဝါရီ ၂၁ရက်အထိ အချိန်ပေးထားသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တောင်းဆိုချက်အတိုင်း အီရန်က ယူရေနီယံသန့်စင်မှုရပ်ဆိုင်းရေးကို လက်ခံမည်မဟုတ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၉ရက်တွင် ကြေညာသည်။

ကြေညာ

ယူရေနီယံသန့်စင်မှု ရပ်ဆိုင်းခိုင်းခြင်းမှာ လက်မခံနိုင်စရာဖြစ်ကြောင်း၊ ထိုသို့ရပ်ရန်အကြောင်း မရှိကြောင်း ဤကိစ္စမှာ ဥရောပနိုင်ငံများနှင့် သဘောတူခဲ့သည့် အတိတ်ကဖြစ်ရပ်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာသည်။

နျူကလီးယားစွမ်းအင်သည် တိုင်းပြည်၏ အနာဂတ်နှင့်ရည်မှန်းချက်ဖြစ်ကြောင်း အီရန်ဘာသာရေး ခေါင်းဆောင် အယာတိုလာအလီခါမေနီက ပြောကြားသည်ဟု သတင်းစာတစ်စောင်က ကိုးကားလိုက်သည်။

အမ်အင်န်အေ၊ ရိုက်တာ

အီရတ်၌ အဓမ္မပြုကျင့်ပြီး လူသတ်မှု ကန်တပ်ဖွဲ့ဝင် ဝန်ခံဖြောင့်ချက်ပေး

ပို့ကမ်ဘဲ ဖေဖော်ဝါရီ ၂၂

အသက် (၁၄) နှစ်အရွယ်ရှိ အီရတ်အမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့်ပြီး မိသားစုတစ်ခုလုံး သတ်ပစ်မှုတွင် အပြစ်ရှိကြောင်း ဒုတိယမြောက် အမေရိကန်တပ်ဖွဲ့ဝင်က ဖေဖော်ဝါရီ ၂၀ ရက်၌ ဝန်ခံလိုက်သည်။

အခြားသူသုံးဦးနှင့်အတူ ကျူးလွန်သည့်ပြစ်မှုတွင် အပြစ်ရှိကြောင်း တပ်ကြပ်ကြီး ပေါလ်ကော်တက်(၂၄) နှစ်က ဖြောင့်ချက်ပေးလိုက်ခြင်း ဖြစ်သည်။

ကင်တပ်ကီ စစ်အခြေစိုက်စခန်းအတွင်းရှိ စစ်ခုံရုံးတွင် တပ်ကြပ်ကြီး ပေါလ်ကော်တက်က ပြစ်မှုကျူးလွန်ကြောင်း ဖြောင့်ချက်ပေးလိုက်သဖြင့် ထောင်တစ်သက်တစ်ကျွန်း ကျခံရဖွယ်ရှိသည်။

သတ်ပစ်ခဲ့

အမှုမှာ ၂၀၀၆ ခုနှစ် မတ်လအတွင်းက ဘဂ္ဂဒက်မြို့တော် တောင်ဘက် မာမူဒီယာ၌ အဓမ္မမှု၊ လူသတ်မှု ကျူးလွန်ခြင်းဖြစ်သည်။ တပ်ဖွဲ့ဝင်ဟောင်းတစ်ဦးနှင့် တာဝန်ထမ်းဆောင်ဆဲ တပ်ဖွဲ့ဝင်လေးဦးတို့ ထိုအမျိုးသမီးကို ဂိုဏ်းဖွဲ့ အဓမ္မပြုကျင့်ပြီး တစ်အိမ်သားလုံး သတ်ပစ်ခဲ့ခြင်းဖြစ်သည်။

ပြစ်ဒဏ်ချ

ဂျိန်းဘေကာမှာ နိုဝင်ဘာလအတွင်းက ဝန်ခံပြီး စစ်ထောင်တွင် ထောင်ဒဏ် နှစ်ပေါင်း ၉၀ ပြစ်ဒဏ်ချခံရသည်။

အမ်အင်န်အေ၊ ရိုက်တာ

အီတလီဝန်ကြီးချုပ် ရာထူးမှနုတ်ထွက်

ရောမ ဖေဖော်ဝါရီ ၂၂

အီတလီဝန်ကြီးချုပ် ရိုမာနိုပရော့ဒီသည် ဗုဒ္ဓဟူးနေ့က ရာထူးမှ နုတ်ထွက်သွားသည်။ ပါလီမန်တွင် ပရော့ဒီ အစိုးရ၏ နိုင်ငံခြားရေး မူဝါဒအပေါ် အယုံအကြည် ရှိ မရှိ အဆိုရှုံးနိမ့်သွားပြီးနောက် ဝန်ကြီးချုပ်က ထိုသို့ နုတ်ထွက်သွားခြင်း ဖြစ်သည်။ မကြာမီရက်များအတွင်းက အာဖဂန်နစ္စတန်ရှိ ငြိမ်းချမ်းရေးထိန်းသိမ်းသော တပ်များမှ အီတလီ စစ်သားများကို ပြန်လည် ခေါ်ယူရန် ငြင်းဆိုမှုနှင့် အီတလီနိုင်ငံ တောင်ပိုင်းရှိ ဘီစင်ဇာမြို့၌ အမေရိကန် တပ်စခန်းကို တိုးချဲ့ရန် သဘောတူခဲ့မှုတို့ကြောင့် ပရော့ဒီကို ညွန့်ပေါင်းအစိုးရ အဖွဲ့အတွင်းရှိ ငြိမ်းချမ်းရေးလိုလားသူများ၊ လက်ဝဲစွန်း မဟာမိတ်များက စိတ်ပျက်ခဲ့ကြပါသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ကမ္ဘာ့ တစ်လွှား ထူးထူး ခြားခြား

ဘောလ်ပင်တစ်ချောင်း အရှည်သာရှိသည့် ကလေးငယ်

မွေးဖွားပြီးခါစ ကလေးငယ်တစ်ဦးနှင့် ဘောလ်ပင်တစ်ချောင်းကို နှိုင်းယှဉ် ပြသထားစဉ်။ (ယာပုံ)

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မီရာမီမြို့ ဆေးရုံ၌လွန်ခဲ့သည့် သီတင်း၂၁ပတ်က မွေးဖွားခဲ့သော ကလေးငယ်တစ်ဦးမှာ အရပ် ၉ ဒသမ ၅လက်မခန့်သာရှိရာ ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး ကလေးငယ်တစ်ဦး ဖြစ်ပြီး ဘောလ်ပင်တစ်ချောင်း အရှည်ခန့်သာရှိကြောင်း သိရသည်။

(အင်တာနက်)

နှစ်ပေါင်းလေးထောင်ခန့်က သစ်သားရုပ်တု

လွန်ခဲ့သော နှစ်ပေါင်းလေးထောင်ခန့်က သစ်သားရုပ်တုတစ်ခုကို ပြသထားစဉ်။ (ဝဲပုံ)

အဆိုပါရုပ်တုကို အီဂျစ်နိုင်ငံ ဆက်ကာရာမြို့အနီး စတက်ပိရမစ်အနီးတွင် တူးဖော်တွေ့ရှိရခြင်းဖြစ်ပြီး သစ်သားဖြင့် ပြုလုပ်ထားသော အမျိုးသမီး ရုပ်တုတစ်ခု ဖြစ်သည်။ အီဂျစ်သုတေသနပညာရှင်များက လွန်ခဲ့သော နှစ်ပေါင်း ၄၀၀၀ကျော်က ထုလုပ်ခဲ့သော သစ်သားရုပ်တု တစ်ခုဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ဘဂ္ဂဒက်တောင်ပိုင်းတွင် ကားဗုံးများပေါက်ကွဲ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၂

အီရတ်မြို့တော် စုစည်းနိုင်ရေးအတွက် နှိမ်နင်းဖြိုခွင်းမှုကို သောင်းကျန်းသူများက ဖိအားပေးနေခဲ့ကြောင်း၊ ဘဂ္ဂဒက် တောင်ပိုင်းတွင် ဖေဖော်ဝါရီ ၁၉ ရက်က ကားဗုံးနှစ်လုံးပေါက်ကွဲမှုကြောင့် လူ ၁၀ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ပထမ ကားဗုံးသည် ဆိုင်ဒီယာခရိုင်ရှိ ဆီဆိုင်အနီးတွင် ပေါက်ကွဲခဲ့ကြောင်း၊ လူငါးဦးသေဆုံးပြီး ၁၁ဦး ဒဏ်ရာရခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သော်လည်း အခြားရဲသတင်းရပ်ကွက်က လူသုံးဦးသေဆုံးပြီး ၁၂ဦး ဒဏ်ရာရခဲ့ကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်။

ဘဂ္ဂဒက်မြို့တောင်ပိုင်း ဒိုရာဒေသတွင် အခြားကားဗုံးတစ်လုံးပေါက်ကွဲခဲ့ကြောင်း၊ လူငါးဦးသေဆုံးပြီး ခုနစ်ဦးဒဏ်ရာရခဲ့ကြောင်း သိရသည်။

ဒိုရာ ရဲစစ်ဆေးရေးဂိတ်ရှိ ယာဉ်တစ်စီးအနီးတွင် ပေါက်ကွဲခါနီး အခြားကားဗုံးတစ်လုံးကို လုံခြုံရေးတပ်ဖွဲ့များက ဖျက်ဆီးပစ်လိုက်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အမ်အင်န်အေ၊ ရိုက်တာ

ရဲရွာရေအားလျှပ်စစ်စီမံကိန်း အရှိန်အဟုန်မြှင့် ကြိုးပမ်း ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း လုပ်ငန်းများကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၂

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေနှင့် တာဝန်ရှိသူများလိုက်ပါ၍ မန္တလေးတိုင်း မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ ရဲယမန်းရွာအနီး မြစ်ငယ်မြစ်ပေါ်၌ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးက တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းညွှန်ကြားရေးမှူး ဦးမြင့်ဇော်က R.C.C. ကွန်ကရစ်တမံ Stage (5+7) ကို သွန်းလောင်းပြီးစီးမှု အခြေအနေ၊ စီမံကိန်းလုပ်ငန်းများကို အပိုင်းလိုက် လျာထားသတ်မှတ်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် စီမံကိန်းမှ တာဝန်ရှိသူများနှင့်အတူ အသစ်တပ်ဆင်နေသော Access Gallery အတွင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေ၊ R.C.C. ကွန်ကရစ်တမံ Stage (1+2) သွန်းလောင်းပြီးစီးမှုနှင့် ပင်မတမံ လက်ယာဘက်ကမ်း၌ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ အခြေအနေနှင့် R.C.C. ကွန်ကရစ်တမံ Stage (5+7) သွန်းလောင်းပြီးစီးမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် Colenco Power Engineering Co., Ltd. မှ Mr. Alan Dredge နှင့် နိုင်ငံခြားသားပညာရှင်များ၊ CGGC ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်အတူ R.C.C ကွန်ကရစ်တမံ Stage(5+7) နှင့် R.C.C ကွန်ကရစ်တမံရှေ့တို့၌ R.C.C ကွန်ကရစ်တမံ Stage(5+7) ပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် အမှတ်တရ မှတ်တမ်းဓာတ်ပုံများ စုပေါင်းရိုက်ကြသည်။

ကြိုးပမ်းဆောင်ရွက်

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် အဖွဲ့သည် ဓာတ်အားပေးစက်ရုံအောက်ခြေ ရေထွက်ပေါက် ကွန်ကရစ်သွန်းလောင်းနေမှု အခြေအနေ၊ ပင်မတမံ လက်ဝဲဘက်ကမ်း ရှုရပ်မှ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက စီမံကိန်းမှ တာဝန်ရှိသူများအား စီမံကိန်းသုံးပစ္စည်းများ အချိန်မီရောက်ရှိတပ်ဆင်နိုင်ရေးအတွက် နိုင်ငံခြားသား ပညာရှင်များ၊ စီမံကိန်းတွင် ပူးပေါင်း ဆောင်ရွက်လျက်ရှိသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး၊ ပွင့်လင်းရာသီတွင် စီမံကိန်းလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပြီးစီးနိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဆွေးနွေးမှာကြားသည်။

အကြီးစား

ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် စက်တပ်ဆင်အင်အား မဂ္ဂါဝပ်၇၉၀ရှိပြီး တစ်နှစ်လျှင်လျှပ်စစ်ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ ထုတ်လုပ်နိုင်မည့် အကြီးစား ရေအားလျှပ်စစ်စီမံကိန်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၂၆ ရက်က ရန်ကုန်မြို့ မင်္ဂလာဒုံ မြို့နယ် ပုလဲမြို့ အမှတ် ၃၆ ချယ် ရီ လမ်း နေ မဟာသဒ္ဓမ္မ ဇောတိကဓဇ ကမ္ဘာလှည့် သာသနာပြု ဒေါ်တင်တင်စိန် B.A, CPA, M.A SAS III, ICMA (London)T.F.A Londonက တောင်ငူမြို့ သမိုင်းဝင်ရွှေစံတော် စေတီ တော် မြတ်ကြီး ဘက်စုံမွမ်းမံပြင်ဆင်ရန်အတွက် ငွေကျပ်နှစ်သိန်းကို ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းစဉ်။ (၃၇၂)

ဘဏ်လုပ်ငန်းဆိုင်ရာနည်းပညာ အလုပ်ရုံဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂၂

Client Focus Technology Group နှင့် Epson (Thailand) တို့ ပူးပေါင်းစီစဉ်သော ဘဏ်လုပ်ငန်းဆိုင်ရာ နည်းပညာအလုပ်ရုံ ဆွေးနွေးပွဲကို ယနေ့ နံနက် ၉နာရီက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Traders Hotel၌ကျင်းပရာ ComputerSoftware လုပ်ငန်းများမှ တာဝန်ရှိသူများနှင့် ပြည်တွင်းဘဏ်များ၏ (ICT) ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေး

အခမ်းအနားတွင် Client Focus Technology Group အထွေထွေမန်နေဂျာ ဦးအောင်ကျော်မိုးက အလုပ်ရုံဆွေးနွေးပွဲကျင်းပရသည့်အကြောင်းနှင့် ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားပြီး Epson (Thailand) မှ Manager Mr. Phairote Y. က Epson မှ ထုတ်လုပ်သော ဘဏ်လုပ်ငန်းသုံး ပစ္စည်းများဖြစ်ကြသော Passbook Printer, Cheque Reader နှင့် Wireless Projector များနှင့် ပတ်သက်၍ လက်ရှိဘဏ်စနစ်တွင် အကျိုးရှိစွာ အသုံးပြုနိုင်ပုံများကို Projection Slides များဖြင့်ရှင်းလင်းပြသပြီး တက်ရောက်လာသူများကဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်နိုင်ရေး စိတ်ပါဝင်စားစွာ ပါဝင်ဆွေးနွေးကြပြီး အလုပ်ရုံ ဆွေးနွေးပွဲကို ညနေ ၄ နာရီတွင် ရုတ်သိမ်းလိုက်သည်။

ဖွင့်လှစ်ထား

Client Focus Technology Group သည် Epson မှ ထုတ်လုပ်သော ပစ္စည်းများကို တင်သွင်း ဖြန့်ဖြူးသော မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်ကာ အရောင်းပြခန်းကို အမှတ် ၇(ဃ) ပြည်လမ်း ခြောက်မိုင်ခွဲ လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၂၅၈၆၀၊ ၅၁၃၄၁၉ နှင့် အမှတ် ၁၃၀ ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၄၉၃၄၄၊ ၂၄၉၃၄၅ တို့၌ ဖွင့်လှစ်ထားရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

Client Focus Technology Group နှင့် Epson (Thailand) တို့ ပူးပေါင်းစီစဉ်သော ဘဏ်လုပ်ငန်းဆိုင်ရာ နည်းပညာအလုပ်ရုံ ဆွေးနွေးပွဲတွင် Epson (Thailand)မှ Manager Mr. Phairote Y.ဘဏ်လုပ်ငန်းသုံး ပစ္စည်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက်သတင်း အတိုအထွာ

အီရတ်နိုင်ငံရှိ တိုက်ခိုက်ရေးသမားများသည် မကြာမီက တိုက်ခိုက်မှုများတွင် အဆိပ်ပြင်းသော ကလိုရင်းဓာတ်ငွေ့များပါဝင်စေလျက် ဖောက်ခွဲတိုက်ခိုက်လာသဖြင့် စိုးရိမ်မိကြောင်း အမေရိကန်စစ်ဘက်တာဝန်ရှိသူများက ပြောကြားသည်ကို ဖေဖော်ဝါရီ၂၂ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဘာရက်အိုဘားမားနှင့် ဟီလာရီကလင်တန်တို့သည် ၂၀၀၈ခုနှစ် ဒီမိုကရက်တစ်ပါတီ၏ သမ္မတအမည်စာရင်းတွင် အဓိကပြိုင်ဘက်များဖြစ်လာကြောင်း ဖေဖော်ဝါရီ၂၂ရက်က အင်တာနက်သတင်းအဖြစ် ဖော်ပြသည်။

နယူးဇီလန် ငါးဖမ်းသမားများသည် အန္တာတိတ်သမုဒ္ဒရာမှ အလေးချိန် ကီလိုဂရမ် ၄၅၀ ရှိ ကမ္ဘာ့စံချိန်တင် အကြီးမားဆုံးသော ပြည်ကြီးငါးကြီးတစ်ကောင်ကို ဖမ်းဆီးရမိကြောင်း၊ ယင်းငါးကြီးကို နှစ်နာရီကြာအောင် ကုန်းပေါ်သို့ ဆွဲတင်ရကြောင်း၊ ၃၃ပေရှည်လျားကြောင်း နယူးဇီလန်ငါးလုပ်ငန်းဝန်ကြီး ဂျင်အန်တာတန်က ပြောကြားခဲ့သည်ကို ဖေဖော်ဝါရီ ၂၂ရက်က အင်တာနက်တွင် ဖော်ပြခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှ ထွက်ခွာလာသော ခရီးသည်တင်သင်္ဘောတစ်စင်းသည် ကမ်းခြေမှ မိုင်၅၀အကွာအရောက်တွင် မီးလောင်ခဲ့ရာ အနည်းဆုံး လူ၁၅ဦး သေဆုံးသွားကြောင်း ဖေဖော်ဝါရီ၂၂ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

မိုဇမ်ဘစ်နိုင်ငံအလယ်ပိုင်းတွင် တစ်နာရီလျှင် ကီလိုမီတာ၂၀၀နှုန်းဖြင့် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်းကြောင့် လူနေအိမ်အများအပြားပျက်စီးပြီး သစ်ပင်များအမြစ်မှ ကျွတ်ထွက်ကုန်ကြောင်း ဖေဖော်ဝါရီ၂၂ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အမေရိကန်ပိုင် တောင်ပစိဖိတ်သမုဒ္ဒရာရှိ ဂွမ်ဒေသ၌ ယခုနှစ်ကုန်ပိုင်းတွင် ကမ္ဘာ့အကြီးဆုံး အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ရေးလေ့ကျင့်မှု ပြုလုပ်သွားမည်ဖြစ်ကြောင်း ဩစတြေးလျ အသံလွှင့်ဌာနက ထုတ်လွှင့်ခဲ့သည်ကို ဖေဖော်ဝါရီ ၂၂ရက် အင်တာနက်သတင်း၌ တွေ့ရသည်။

(အင်တာနက်)

ဖေဖော်ဝါရီ၂၀ ရက်က တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် သုတနန္ဒဝန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နယ်လှည့်စာကြည့်တိုက် နံရံကပ်စာစောင်ဖွင့်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်သန်းနွဲ့နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးသိန်းသန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ရင်သားကင်ဆာကာကွယ်ဆေး တာမိုစီဖင် ထိရောက်စွာ ကာကွယ်ပေးနိုင်စွမ်းရှိ

အမျိုးသမီးများ ရင်သားကင်ဆာရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ရန်အတွက် တာမိုစီဖင် (Tamoxifen) ဆေးသည် အကောင်းဆုံးဖြစ်ကြောင်း သုတေသနပညာရှင်များက အကြံပြုတင်ပြထားသည်ကို ဖေဖော်ဝါရီ ၂၂ရက်က အင်တာနက်သတင်း၌ ဖော်ပြထားသည်။

ယင်းဆေးကို ကင်ဆာရောဂါ ဝေဒနာခံစားနေရသော ဝေဒနာရှင်များအား ထိုးနှံပါက ပုံမှန်အနေဖြင့် ငါးနှစ်အတွင်း ရောဂါပြန်မဖြစ်အောင် ကာကွယ်ပေးနိုင်ကြောင်း၊ ထို့ပြင် ကျန်းမာရေးကောင်းမွန်သော အမျိုးသမီးများအတွက် နှစ်ကြာရှည်စွာ ကာကွယ်ပေးနိုင်ကြောင်းလည်း အကြံပြုဖော်ပြထားသည်။

ယင်းဆေးကိုထိုးသည့် အမျိုးသမီးများကို လေ့လာကြည့်ရာတွင် ပထမတွေ့ရှိချက်မှာ အနှစ် ၂၀ကျော် ရောဂါတားဆီးနိုင်သည့် အရေအတွက်မှာ ၃၉ရာခိုင်နှုန်းရှိသည်။ ဒုတိယတွေ့ရှိချက်မှာ ရှစ်နှစ်အထိ ကာကွယ်ပေးနိုင်သူအရေအတွက်မှာ ၃၄ရာခိုင်နှုန်းရှိသည်ဟု ဆိုသည်။

အထက်ပါ လေ့လာတွေ့ရှိချက်ကို ဗြိတိန်ရှိ နိုင်ငံတကာ ရင်သားကင်ဆာတားဆီးကာကွယ်ရေးအဖွဲ့ (အိုင်ဘီအိုင်အက်စ်)က အမျိုးသမီး ၇၁၄၅ဦးတို့အား ယင်းကင်ဆာရောဂါဆေးများ ထိုးနှံပြီးနောက် ဆန်းစစ်လေ့လာကာ အမျိုးသားကင်ဆာဌာနရှိ ဆေးဂျာနယ်တွင် ဖော်ပြခဲ့ခြင်းဖြစ်သည်။ (ကိုးကား-အင်တာနက်)

✻ ကျောဖုံးမှ

လုပ်ငန်းပိုင်ပုလဲများနှင့် နိုင်ငံတော်နှင့်အကျိုးတူ ပူးပေါင်းထုတ်လုပ်လျက်ရှိသော နိုင်ငံသား၊ ပုဂ္ဂလိက လုပ်ငန်းရှင်များပိုင် ပုလဲများ အပါအဝင် စုစုပေါင်း ပုလဲအတွဲပေါင်း ၅၁၅ တွဲ၊ ပုလဲလုံးရေ ၉၄၃၁၉ လုံး၊ အလေးချိန် ၅၆၁၈၈ ဒသမ ၅၅ မိုမီ ကို ရောင်းချသွားမည်ဖြစ်ပြီး ပြည်ပနိုင်ငံပုလဲကုမ္ပဏီများမှ ပုလဲကုန်သည် ပေါင်း ၃၀ကျော် တက်ရောက်၍ ဝယ်ယူကြမည်ဖြစ်သည်။

ကြည့်ရှုလေ့လာ

မြန်မာ့ပုလဲရောင်းချပွဲ-၂၀၀၇ တွင် ပြည်ပနိုင်ငံပုလဲကုမ္ပဏီများမှ ပုလဲကုန်သည်များသည် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ပုလဲအတွဲများကို ကြည့်ရှုလေ့လာကြရာ ပုလဲရောင်းချရေး ဗဟိုကော်မတီဥက္ကဋ္ဌ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်တိုးနှင့် ဗဟိုကော်မတီ အဖွဲ့ဝင်များက ပုလဲကုန်သည်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး မြန်မာ့ပုလဲရောင်းချပွဲကို ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ယနေ့စတင်ကျင်းပသည့် မြန်မာ့ပုလဲရောင်းချပွဲပထမနေ့တွင် ပုလဲကုန်သည်များက ပုလဲအတွဲပေါင်း ၄၀ ကို ဝယ်ယူအားပေးကြသည်။

ရောင်းချ

မြန်မာ့ပုလဲရောင်းချပွဲ-၂၀၀၇ ကို ဖေဖော်ဝါရီ ၂၄ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ပြီးနေ့စဉ်နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ပြည်ပနိုင်ငံမှ ပုလဲကုန်သည်များအား တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

(သတင်းစဉ်)

သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

မီးကြွင်းမီးကျန် မရှိရန် အစဉ်သတိ၊ အမြဲရှိ

ဆင်သေရေလှောင်တမံနှင့် ဆင်သေရေလွှဲဆည်ရေပေးဝေမှု တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၂၀ ရက် မွန်းတည့် ၁၂ နာရီက နေပြည်တော် တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နွေစပါး စိုက်ပျိုးမှုနှင့် ခြံစည်းရိုးကြက်ဆူပင်များ၊ တစ်ပိုင်တစ်နိုင်မှ တစ်အုပ်တစ်မအထိ စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့နယ် စိမ်းစားပင်ကျေးရွာရှိ လယ်သမားကြီးဦးရွှင်၏ လယ်မြေသို့ရောက်ရှိပြီး ရွှေသွယ်ရင်စပါး ၄ ဒသမ ၅ဧကေ စိုက်ပျိုးထားရှိမှု အခြေအနေနှင့် ပုလဲဓာတ်မြေဩဇာနှင့် သဘာဝ ဓာတ်မြေဩဇာတို့ကိုရောနှော၍ စပါးပျိုးခင်းများနှင့် လယ်မြေအတွင်းပက်ဖျန်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက လိုအပ်ချက်များကို မှာကြားသည်။

မှာကြား

ဆက်လက်၍ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တပ်ကုန်းမြို့နယ် ကျားသေအိုင်ကျေးရွာအုပ်စု၊ ရောက်ကုန်း အနောက်ရွာရှိ လယ်သမားကြီးများ၏ နွေစပါးစိုက်ပျိုးခင်းများကိုလည်းကောင်း၊ နွေစပါးစိုက်ပျိုးရန် ၂၂ ဧကကို မျိုးစေ့ချကိရိယာဖြင့် တန်းဆွဲစိုက်ပျိုးနေမှုကိုလည်းကောင်း၊ စက်ကိရိယာများ၊ နွားများဖြင့် လယ်ယာမြေများကို ပြုပြင်ထွန်ယက်နေမှုတို့ကို လည်းကောင်း၊ ဆင်သေရေလှောင်တမံ၏ လက်တံ(၁) ရေသောက်ဧရိယာ၌ စိုက်ပျိုးထားရှိမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လယ်သမားကြီးများအား လိုအပ်သည်များကို မှာကြားသည်။

ဆင်သေရေလှောင်တမံ

ထိုမှတစ်ဆင့် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်နှင့်အဖွဲ့ဝင်များသည် ပျဉ်းမနားခရိုင် တပ်ကုန်းမြို့နယ် မယ်ဇလီကျင်းကျေးရွာအနီးရှိ ဆင်သေရေလှောင်တမံသို့ သွားရောက်ကြရာ**(အပေါ်ယာပုံ)** ရှင်းလင်းဆောင်၌ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က ဆင်သေရေလှောင် တမံနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆင်သေရေလှောင်တမံ၏ ရေပေးဝေနိုင်မှုဧရိယာမှာ ဧက ၃၂၄၀၀ ဖြစ်သည်။

ဆက်လက်၍ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ခရိုင် စိုက်ပျိုးရေးမန်နေဂျာနှင့် တာဝန်ရှိသူတို့က အဆိုပါဆည်မှ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုများ၊ လက်ဝဲလက်ယာ မြောင်းမကြီးများမှ ရေပေးဝေမှု၊ ရေဆင်းဧရိယာများနှင့် ရေသောက် လယ်မြေများ အခြေအနေကို ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး လိုအပ်သည်များကို မှာကြားသည်။

တင်ပြ

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဒဟတ်ကျေးရွာအနီးရှိ ဆင်သေ ရေလွှဲဆည်သို့ ရောက်ရှိကြရာ တာဝန်ရှိသူတို့က အဆိုပါဆည်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ရေလွှဲအမြင့် ၂၁ ပေ၊ အလျားပေ ၉၃၀၊ ရေဆင်းဧရိယာ ၈၁ စတုရန်းမိုင်၊ ဆင်သေချောင်းအနီး၌ တည်ဆောက်ထားပြီး ကန်ရေသိုလှောင်နိုင်မှု ၅၅၀၀ ဧကပေ၊ ရေပြင်အကျယ် ၂ စတုရန်းမိုင်၊ ရေထိန်းပေါင်အလျား ၃၅၁၈ ပေ၊ သဲထုတ်ရေတံခါး ၁၀ X ၈ ပေ ခုနစ်ပေါက်ရှိကြောင်း တင်ပြကြသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရေပြွန်ပေါက်အနီးပတ်ဝန်းကျင်သို့ ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို မှာကြားသည်။

ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး လမ်းဘေးဝဲယာတစ်လျှောက်ရှိ အလယ်ကျွန်းကျေးရွာ၊ မြောက်မြိုက် ကျေးရွာ၊ ဒဟတ်ကုန်းကျေးရွာ၊ အေးချမ်းသာယာစံပြကျေးရွာ၊ ဝက်ခြံရိုး ကျေးရွာများရှိ ခြံစည်းရိုးကြက်ဆူပင် ပျိုးထောင်ထားရှိမှု အခြေအနေများကို ဝင်ရောက်ကြည့်ရှုစစ်ဆေးသည်။

ပျိုးထောင်ထားမှု

အဆိုပါ ကျေးရွာများမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက တိုင်းမှူးအား ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ထားရှိမှု၊ တိုးချဲ့စိုက်ပျိုးမှုများနှင့် ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို တင်ပြကြသည်။

စိမ်းလန်းစိုပြည်ရေး

ထို့နောက် တိုင်းမှူးက တပ်ကုန်းမြို့နယ် အလယ်ကျွန်းကျေးရွာအနီး ပဲကြီးစိုက်ခင်းနှင့် ဝါစိုက်ခင်းအတွင်း သီးညှပ် ကြက်ဆူကြား စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်များဖြင့် နေပြည်တော်သို့ ပြန်လည်ထွက်ခွာရာ လမ်းဘေး ဝဲယာတစ်လျှောက် နွေစပါး စိုက်ပျိုးထားရှိမှုများ၊ ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှု၊ လမ်းဘေး ဝဲယာ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အရိပ်ရအပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

(သတင်းစဉ်)

အစေ့ထုတ်ပြောင်းစိုက်ပျိုးတိုးတက်ထုတ်လုပ်ရေး ပညာပေးသင်တန်းဖွင့် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ရောစပ်ကြဲပက်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းသည် ယမန်နေ့ နံနက် ၈ နာရီက ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဇဟိုစိုက်ပျိုးရေးသုတေသနနှင့် လေ့ကျင့်ပညာပေးဌာန သင်တန်းခန်းမ၌ ဖွင့်လှစ်သည့် အစေ့ထုတ်ပြောင်းသီးနှံ စိုက်ပျိုးတိုးတက်ထုတ်လုပ်ရေး နည်းပညာပေး သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းသို့ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၆၅ ဦး၊ တောင်သူ ၁၀၀ တက်ရောက်ကြသည်။

ဆက်လက်၍ တိုင်းမှူးသည် ဇဟိုစိုက်ပျိုးရေး သုတေသနနှင့် လေ့ကျင့်ရေး ပညာပေးဌာနဝင်းအတွင်း စိုက်ပျိုးပြသ ထားသည့် ပြောင်းစိုက်ခင်းနှင့် ဒိုချက်ကင်း သစ်ရွက်ဆွေး သဘာဝမြေဩဇာ ပြုလုပ်ပြသထားမှုကို လိုက်လံကြည့်ရှု အားပေးကြသည်။ လျက်ရှိသည့် နွေစပါးခင်းများနှင့် ဒိုချက်ကင်း သစ်ရွက်ဆွေး သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းသရုပ်ပြသမှုတို့ကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများအား စပါးပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် ဒိုချက်ကင်း သစ်ရွက်ဆွေး သဘာဝမြေဩဇာကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြရန် မှာကြားကာ တောင်သူများ၏ လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။ ညွှန်ကြားရေးမှူးက စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် တိုင်းမှူးက လိုအပ်သည်များကို မှာကြားပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်းသွားရောက်၍ မြေပေါ်မြောင်းမကြီး ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် လှည်းကူးမြို့နယ် ပိန္နဲကုန်း ကျေးရွာအနီးရှိ တောင်သူ ဦးစန်းအောင်၏ လယ်မြေ၌ ကျင်းပသော ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာ ရောစပ်ကြဲပက်ပွဲသို့ တက်ရောက်၍ ယူရီးယား ဓာတ်မြေဩဇာနှင့် ဒိုချက်ကင်း သစ်ရွက်ဆွေး သဘာဝမြေဩဇာတို့ကို ရောစပ်၍ စပါးခင်းများအတွင်းကြဲပက်နေမှု၊ အောင်မြင်ဖြစ်ထွန်း

ယင်းနောက်တိုင်းမှူးသည်လှည်းကူးမြို့နယ် လက်ပံကျေးရွာအနီး၌ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မည့် လက်ပံလျှပ်စစ် ရေတင်စီမံကိန်း ဧက ၄၃၀၀ သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဦးမောင်မောင်လှိုင်က စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးငွေးလွင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

မြေနေရာ

ထို့နောက် တိုင်းမှူးက လုပ်ငန်းများ အမြန်အကောင်အထည်ဖော်ဆောင်ရွက်ကြရေးမှာကြားပြီး စီမံကိန်းဆောင်ရွက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့်တိုင်းမှူးသည်လှည်းကူးမြို့နယ် မုဆိုးညောင်ပင်ကျေးရွာအနီးရှိ ငမိုးရိပ် လျှပ်စစ်မြစ်ရေတင် စီမံကိန်း ဧက ၈၀၀၀ သို့ ရောက်ရှိရာ စီမံကိန်း ရှင်းလင်းဆောင်၌ တိုင်း ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဒုတိယ

ထို့နောက် တိုင်းမှူးသည် မင်္ဂလာဒုံမြို့နယ် စမ်းကြီးဝ ကျေးရွာအနီးရှိ စမ်းကြီးဝ လျှပ်စစ်ရေတင်စီမံကိန်း ၆၅၅ ဧကသို့ရောက်ရှိရာ စီမံကိန်း ရှင်းလင်းဆောင်၌ ရန်ကုန် မြောက်ပိုင်းခရိုင် ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်နိုင်နှင့် တာဝန်ရှိသူတို့က စီမံကိန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် စိုက်ပျိုးရေပေးဝေနိုင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက စိုက်ပျိုးရေရရှိရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးက သတ်မှတ်ဧကအတိုင်း စိုက်ပျိုးရေပေးဝေနိုင်ရေး စီမံဆောင်ရွက်ကြရန် မှာကြားပြီး စီမံကိန်းမှ စိုက်ပျိုးရေပေးဝေနေမှုနှင့် ရေပေးမြောင်းမကြီးတစ်လျှောက် ဝဲယာတစ်ဖက်တစ်ချက်၌ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှု စစ်ဆေးကြောင်း သတင်း ရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃-၂-၂၀၀၇ (သောကြာနေ့)

၇:၀၀ MRTV-4 အဖွင့် Logo
ယနေ့အစီအစဉ်
၇:၀၅ ပေါင်းတတ်၊ သင်းတတ်၊
နေထိုင်တတ်ပါစေ တရားတော်
(အရှင်ဆေကိန္ဒဆရာတော်)
၈:၂၀ Myanmar Video Rhythm
၉:၁၀ တေးဂီတအစီအစဉ်
၉:၁၅ သဘာဝလက်ဆောင်
စိမ်းပြာရေညှိထုတ်ကုန်များ
၉:၅၀ ပြည်တွင်းသတင်းအကျဉ်း
၁၀:၀၀ ဗုဒ္ဓဝင်ရုပ်စုံတော
မယ်လမုစေတီတော်မှာ
၁၀:၂၀ တေးဂီတအစီအစဉ်
၁၀:၂၅ Music Talk (အိအိချွန်)
၁၀:၅၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၅၅ နွံ့နှောင်းလုပ မြန်မာ့အက(၃)
၁၁:၁၀ တေးဂီတအစီအစဉ်
၁၁:၁၅ ပြည်နယ်အလှ
ကျောက်ပြားသာခေ
၁၁:၂၀ မိုးလေဝသခန့်မှန်းချက်
၁၁:၂၅ Yangon Panorama
(Computer နက္ခတ်ဗေဒင်)
၁၁:၅၅ တေးဂီတအစီအစဉ်
၁၂:၀၀ ပြည်တွင်းသတင်းအကျဉ်း
၁၂:၁၀ တေးဂီတအစီအစဉ်
၁၂:၁၅ ဂုန်လျှော်နှင့်
ဂုန်လျှော်ထွက်ပစ္စည်းများ
၁၂:၃၀ နိုင်ငံတကာသတင်းအကျဉ်း
၁၂:၃၅ သတင်းကောင်း
(သျှားညို၊ ဆုပန်ထွာ၊ ပွင့်)
၁၂:၅၅ တေးဂီတအစီအစဉ်
၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 **အစီအစဉ်များကို**

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ ဖေဖော်ဝါရီ ၉ ရက်က အမှတ်(၃) အခြေခံ ပညာ အလယ်တန်းကျောင်း၌ နယ်လှည့် စာကြည့်တိုက်၊ နံရံကပ် စာစောင်၊ ဓာတ်ပုံ ပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်ရီရီရှိန်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံးပြုံးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မောင်းတီးလေး ဖောင်တော်ဦးစေတီတော် ဘက်စုံပြုပြင်ရေး ငွေလှူဒါန်းနိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ဧရာဝတီတိုင်း ကန်ကြီးထောင့်မြို့နယ် ကံရွာအမှတ်(၉)ရပ်ကွက် မောင်းတီးလေးရွာ၌ အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သော ရေးဟောင်းသမိုင်းဝင် ဖောင်တော်ဦးစေတီတော်ကြီးအား ဆက်သွယ်ရေးလမ်းနှင့် တံတားဆောက်လုပ်ရန် ငွေကျပ်သိန်း၁၅၀ခန့်ကုန်ကျမည်ဖြစ်ရာ ရွာလည်ကျောင်းဆရာတော်ကြီး အမှူးထား၍ မြောင်းမြမြို့ မရမ်းကုန်းရပ်ကွက်နေ ဦးထွန်းသောင်း-ဒေါ်မြင့်မြင့်မိသားစု(စံတော်ဝင် ဆန်လုပ်ငန်း)တို့က မတည်၍လှူဒါန်းမည်ဖြစ်ရာ ကုသိုလ်ပါဝင်လိုသူများသည် ဆရာတော် ရွာလည်ကျောင်းတိုက် ကံရွာ ဖုန်း -၀၄၂-၂၄၉၄၈ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဂုဏာပူဇာပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မန္တလေးမြို့မှ အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်ရရှိကြသည့် ဘဒ္ဒန္တ ဝိစိတ္တ (မဟာဓမ္မိကာရာမရွှေကျင်တိုက်ကြီး)၊ ဘဒ္ဒန္တ သြဘာသာဘိဝံသ(ရေနံချောင်းကျောင်းမိုးကောင်းတိုက်) ဘဒ္ဒန္တ သာဂရဘိဝံသ (သာယာဝင်းကျောင်းမြတောင်တိုက်)တို့အားမန္တလေးအသင်း(ရန်ကုန်) က ဂုဏာပူဇာပွဲသဘင်ကို မတ် ၃ရက် နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းရှိ မန္တလေးအသင်း (ရန်ကုန်)၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် မန္တလေးအသင်း(ရန်ကုန်)ဖုန်း- ၃၈၈၆၀၃သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

NLD ပါတီမှနုတ်ထွက်သူများဟုဆိုသော ထင်ကျော်(ခေါ်)ကျော်ထင်ပါလူတစ်စု ရန်ကုန်မြို့ မဟာဗန္ဓုလလမ်း၌ဆူပူလှုပ်ရှားမှုနှင့် လူစုလူဝေးဖြစ်အောင်လုပ်ဆောင်ခဲ့

လူအများစုဝေးရာလမ်းမပေါ်တွင် စီတန်းလှည့်လည်ကြွေးကြော်သောင်းကျန်းခြင်းသည် ရန်းရင်းဆန်ခတ်မှုကို ကျူးလွန်ရာရောက်သဖြင့် တည်ဆဲဥပဒေများအရ အရေးယူခံရဖွယ်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက် **(ယနေ့)** ညနေ ၃နာရီခွဲအချိန်တွင် မြန်မာပြည်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဟု အမည်ခံပြီး တရားမဝင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းမှ NLD ပါတီမှ နုတ်ထွက်သူများဟုဆိုသော ထင်ကျော်(ခေါ်)ကျော်ထင်ပါ လူတစ်စုသည် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာဗန္ဓုလလမ်းရှိ ရဟန္တာသိမ်တော်ကြီးရှေ့မှ မဟာဗန္ဓုလလမ်းအတိုင်း လက်ကိုင်ဆိုင်းဘုတ်များကိုင်ဆောင်၍ ဆူညံစွာ အော်ဟစ်လှည့်လည်ခဲ့သဖြင့် လူအချို့ဝိုင်းအုံကြည့်ရှုခဲ့ရာမှ လူစုလူဝေးဖြစ်ပေါ်ခဲ့ကြောင်း သတင်းရရှိသည်။

လူစုကွဲသွား

ယင်းသို့ လူစုလူဝေးဖြစ်ပေါ်မှုကြောင့် အနီးပတ်ဝန်းကျင်ရှိ ဈေးရောင်းဈေးဝယ်သူများ၊ လမ်းသွားလမ်းလာများ အထိတ်တလန့်ဖြစ်ကာ ရန်းရင်းဆန်ခတ်ဖြစ်လာသဖြင့် ယင်းနေရာသို့ ရန်ကုန်မြို့တော်စည်ပင်သာယာ ရဲတပ်ဖွဲ့မှ ချက်ချင်းရောက်ရှိလာပြီး နှုတ်အားဖြင့် တားဆီးမှုပြုလုပ်ခဲ့ရာ ထင်ကျော်(ခေါ်)ကျော်ထင်ပါလူစုသည် ညနေ ၃နာရီ ၅၅ မိနစ်အချိန်ခန့်တွင် ကျောက်တံတားမြို့နယ် ၃၂ လမ်းထိပ်၌ လူစုကွဲသွားကြောင်းသိရသည်။

ထိုသို့ဆူပူလှုပ်ရှားမှုနှင့် လူစုလူဝေးဖြစ်အောင် လုပ်ဆောင်ခဲ့သော အဆိုပါ ဥပဒေနှင့် ဆန့်ကျင်သော လူတစ်စုသည် တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းခွင့်မရရှိဘဲ နိုင်ငံတော်အား ဆန့်ကျင်ရန်ရည်ရွယ်ချက်ဖြင့် အဖွဲ့ဖွဲ့စည်းဆောင်ရွက်ခြင်း၊ ဥပဒေနှင့်ဆန့်ကျင်သောအစုအဝေးတွင်ပါဝင်ခြင်း၊ လူအများစုဝေးရာလမ်းမပေါ်တွင် စီတန်းလှည့်လည်ကြွေးကြော် သောင်းကျန်းခြင်းတို့သည် ရန်းရင်းဆန်ခတ်မှုကို ကျူးလွန်ရာရောက်ကြောင်း၊ ထို့အပြင် ၎င်းတို့သည် ပြည်သူလူထုအား သွေးထိုးလှုံ့ဆော်သော ဆူပူမှုကိုလှုံ့ဆော်သော ဆိုင်းဘုတ်များကို ကိုင်ဆောင်ကြွေးကြော်ခြင်းမှာလည်း နိုင်ငံတော်အစိုးရအပေါ် ပြည်သူလူထုက မုန်းထားအောင်သော်လည်းကောင်း၊ မလေးစားအောင်သော်လည်းကောင်း၊ အကြည်ညိုပျက်အောင်သော်လည်းကောင်း ပြုလုပ်ရာရောက်ကြောင်း၊ သို့ဖြစ်၍ ထင်ကျော်(ခေါ်)ကျော်ထင်ပါအဖွဲ့၏ လုပ်ဆောင်ချက်များသည် တည်ဆဲဥပဒေများအရ အရေးယူခံရဖွယ်ရှိကြောင်း သုံးသပ်ပြောကြားလျက်ရှိကြသည်။

ရည်ရွယ်လုပ်ဆောင်

ထို့အတူ အချို့သောပြည်သူများကလည်း ယခုကဲ့သို့ လုပ်ဆောင်သူများသည် တည်ဆဲဥပဒေများအရ ၎င်းတို့ အဖမ်းခံရပါက ပြည်တွင်းပြည်ပတွင် လူသိများပြီး နာမည်ကြီးလာမည်ဖြစ်သည့်အတွက် နာမည်ကြီးလာစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ထိုသို့ဖြစ်လာပါက ပြည်ပဆန့်ကျင်ဘက်အဖွဲ့များနှင့် ပြည်ပမီဒီယာများက ဝိုင်းဝန်းမြှောက်ပင့် ရေးသားလာစေရန်၊ ထိုမှတစ်ဆင့် ပြည်ပမှ ဆုတံဆိပ်များ၊ ဆုကြေးငွေများချီးမြှင့်ထောက်ပံ့လာစေရန် မျှော်ကိုးပြီး ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်ခြင်းသာဖြစ်ကြောင်း။

ယခင်ကလည်း ထိုကဲ့သို့နာမည်ကြီး လူသိများစေရန်နှင့် ပြည်ပမှချီးမြှင့်သည့် ဆုတံဆိပ်၊ ဆုကြေးများ ရရှိစေရန် ယင်းကဲ့သို့ လုပ်ဆောင်ခဲ့သည့် သာဓကများရှိကြောင်း၊ အလားတူ ဖော်ပြပါနည်းလမ်းအတိုင်း ထပ်မံလုပ်ဆောင်မည့်သူများလည်း ရှိနေသေးသည်ဟု ကြားသိရကြောင်း။

အရေးယူခံရဖွယ်ရှိ

၎င်းတို့၏ ထင်ပေါ်ကျော်ကြားလိုမှု၊ ကိုယ်ကျိုးစီးပွား ရရှိလိုမှုအတွက် ယခုကဲ့သို့ လုပ်ဆောင်ခြင်းသည် အများပြည်သူတို့အား အနှောင့်အယှက် ပြုရာရောက်ကြောင်း၊ လူစုလူဝေးဖြင့်ဆူညံစွာ အော်ဟစ်မှုကြောင့် ပတ်ဝန်းကျင်ရှိ လူအများအား အထိတ်တလန့် ဖြစ်စေကြောင်း၊ အေးချမ်းစွာ နေထိုင်သွားလာလုပ်ကိုင် ရောင်းဝယ် ဖောက်ကားလိုသော ပြည်သူလူထု၏ဆန္ဒကို ထိခိုက်ပျက်ပြားစေကြောင်း၊ ရန်းရင်းဆန်ခတ်မှုကိုလည်း ဖြစ်ပေါ်စေကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ လုပ်ရပ်သည် တရားဥပဒေနှင့် ညီညွတ်မှုမရှိသဖြင့် အရေးယူခံရဖွယ်ရှိကြောင်း စသည်ဖြင့် ဝေဖန်သုံးသပ်ပြောကြားနေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဆွေးနွေးပွဲများကျင်းပ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသား လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်သည် ဧရာဝတီတိုင်း ပုသိမ်မြို့ မြို့တော်ခန်းမ၌ ဖေဖော်ဝါရီ၁၉ရက်နှင့် တနင်္သာရီတိုင်း မြိတ်မြို့ ပုလဲရတနာခန်းမ၌ ဖေဖော်ဝါရီ ၂၁ ရက်တို့တွင်ကျင်းပသည့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်မှုဆိုင်ရာဆွေးနွေးပွဲများသို့ တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ ဆွေးနွေးပွဲများသို့ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းအတွင်းရှိ တိုင်းအဆင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်ထပ်ဓမ္မာရုံသစ် ရေစက်ချမင်္ဂလာကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မော်လမြိုင်မြို့ စစ်ကဲကုန်းရပ်ကွက်ရှိ သာသနာ ၂၅၀၀ စေတီတော်မြတ်ကြီး၏သက်တမ်းနှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် သာသနာ ၂၅၀၀ စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ငွေကျပ် သိန်း ၁၀၀၀ အကုန်အကျခံ တည်ဆောက် ပြီးစီးခဲ့သည့် နှစ်ထပ်ဓမ္မာရုံသစ် ဖွင့်ပွဲနှင့် ရေစက်ချမင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ရက် မွန်းတည့်၁၂နာရီတွင် နှစ်ထပ်ဓမ္မာရုံသစ်၌ ကျင်းပသည်။

တက်ရောက်

နှစ်ထပ်ဓမ္မာရုံသစ် ဖွင့်ပွဲနှင့်ရေစက်ချမင်္ဂလာ အခမ်းအနားကို မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်များရှိ နာယကဆရာတော်ကြီးများ၊ သာသနာ ၂၅၀၀ စေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တ တေဇနိယ အမှူးပြုသော သံဃာတော်များ၊ စာအောင် သံဃာတော်များ၊ ထီးတော်သစ်နှင့် အောင်လက်မှတ် ဆက်ကပ်ပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးမင်းချစ်ငွေနှင့် ကော်မတီဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ နှစ်ထပ်ဓမ္မာရုံသစ်ကို မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်များမှ ဆရာတော်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တ တေဇနိယ ထံမှ ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး လှူဒါန်းမှု အစုစုတို့အတွက် အမျှပေးဝေကြသည်။

ယင်းနောက် ပရိယတ္တိ ငွေရတု အထိမ်းအမှတ် စာဖြေပွဲတွင် အောင်မြင်တော်မူခဲ့ကြသည့် သံဃာတော် ၄၂၈ ပါးတို့အား ကြီးကြပ်ရေးဆရာတော်များနှင့် ကျင်းပရေးကော်မတီဝင်များက အောင်လက်မှတ်များ ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေ ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ရှေ့လုပ်ငန်းစဉ် ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီက ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေတက်ရောက်၍ အမှာစကား ပြောကြားသည်။

ဖွင့်လှစ်

ရှေးဦးစွာသဃ်န်းကျွန်းမြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များက အင်အားသစ်များနှင့်အတူ သီချင်းကို ဂုဏ်ပြုသီဆို၍ အစည်းအဝေးကိုဖွင့်လှစ်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သောင်းမြနှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက ၂၀၀၇ခုနှစ်အတွင်း တိုင်းအမျိုးသမီးရေးရာအဖွဲ့၏ ကြီးကြပ်မှုဖြင့် ခရိုင်နှင့် မြို့နယ်များအလိုက် အဖွဲ့ချုပ်၏ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေက တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပေါင်းတည်မြို့ သီတဂူဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပေါင်းတည်မြို့ ဘုရားကြီးလမ်း ရှမ်းမလေး ကုန်မျိုးစုံစတိုးမိသားစုက ရန်ကုန်မြို့တွင် တည်ဆောက်လျက်ရှိသော သီတဂူ ဗုဒ္ဓသာသနာပြု ဗိမာန်တော်အတွက် ငွေကျပ်သိန်း၁၀၀အလှူတော်ရေစက်ချ ဓမ္မပူဇာသဘင်ကို ဘုရားကြီးလမ်း ရှမ်းမလေး ကုန်မျိုးစုံဆိုင်ရှေ့၌ ကျင်းပမည်ဖြစ်ရာ တပေါင်းလပြည့်ကျော် ၃ ရက် ညတွင် သီတဂူကြာတစ်ပွင့် ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရီလင်္ကာရ၊ ၄ ရက်ညတွင် ဖြူးဆရာတော် အရှင်နရပတိ၊ ၅ ရက်ညတွင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ ဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၊ ၆ ရက်ညတွင် သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒ၊ ၇ ရက်ညတွင် ဓမ္မဒူတ အရှင်ဆေကိန္ဒတို့က တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန် ဝန်ထမ်းများအား တွေ့ဆုံမှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၂

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်သည် ဖေဖော်ဝါရီ ၁၈ရက်နှင့် ၁၉ရက်တို့တွင် ပြင်ဦးလွင်မြို့ ဇီးပင်ကြီးရှိ ဗဟိုမီးသတ်သင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်း မှော်ဘီမြို့နယ်နှင့် တိုက်ကြီးမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ပဲခူးတိုင်း သာယာဝတီမြို့နှင့် ပြည်မြို့ရှိ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးရုံးများမှ ဝန်ထမ်းများနှင့် မကွေးတိုင်း အောင်လံမြို့နယ်နှင့် တောင်တွင်းကြီးမြို့နယ်ဦးစီးဌာနမှူးရုံးများမှ ဝန်ထမ်းများအား တွေ့ဆုံ၍ ဝန်ကြီးဌာန၏ အဓိကတာဝန်ကြီး (၃)ရပ်ဖြစ်သည့် လူဝင်မှုကြီးကြပ်ရေးလုပ်ငန်း၊ နိုင်ငံသားလုပ်ငန်း၊ ပြည်သူ့အင်အားစာရင်းဇယား ကောက်ယူ ထိန်းသိမ်းရေးလုပ်ငန်းနှင့် ရည်မှန်းချက် တာဝန်ကြီး (၉)ရပ်တို့ကို လိုက်နာ ဆောင်ရွက်ကြရန်၊ ဝန်ထမ်းများ အနေဖြင့် မိမိရာထူး အဆင့်အတန်းနှင့် လျော်ညီသည့် အရည်အချင်းရှိအောင် ကြိုးစားကြရန် ရှင်းလင်း မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူများသို့ လျှပ်စစ်ဓာတ်အား အပြည့်အဝဖြန့်ဖြူးပေးနိုင်ရန် စက်အစိတ်အပိုင်းများ အသစ်လဲလှယ်မှု အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဖေဖော်ဝါရီ၁၉ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများလိုက်ပါလျက် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်(ကဇင်းတော)ကျေးရွာ ဧရာဝတီမြစ်ကျော် 230 KV မဟာဓာတ်အားလိုင်း တည်ဆောက်မည့် စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းခန်းမ၌ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း) ညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က တည်ဆောက်လျက်ရှိသော လှိုင်သာယာ-ရေကြည် (အသုတ်) 230 KV မဟာဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အလေးထားဆောင်ရွက်

ယင်းနောက် ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာန အင်ဂျင်နီယာချုပ် ဦးအေးသော်နှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးတို့ကလည်း ဧရာဝတီ(ကဇင်းတော)မြစ်ကျော် ဓာတ်အားလိုင်း တည်ဆောက်ရန် နေရာရွေးချယ်သတ်မှတ်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီးက ဧရာဝတီမြစ်ကျော် ဓာတ်အားလိုင်းကို သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးအောင် ဆောင်ရွက်စေလိုကြောင်း၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးကို အလေးထားဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ညောင်တုန်းမြို့နယ် (ကဇင်းတော) ကျေးရွာ တာဝါတိုင် အမှတ်(၁၄၅) နှင့် တာဝါတိုင်အမှတ်(၁၄၄) သို့ရောက်ရှိပြီး ဓာတ်အားလိုင်းကြိုးများ ဆက်သွယ် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ မြစ်ကျော်တာဝါတိုင်နှင့် ဓာတ်လုပ်သားများက Gasနှင့် Airပိုက်များ တပ်ဆင်နေမှု၊ လေပိုက်များကို ကရိန်းဖြင့် တပ်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး ဝန်ကြီးက ပြည်သူများသို့ လျှပ်စစ်ဓာတ်အားအပြည့်အဝ ဖြန့်ဖြူးပေးနိုင်ရန် စက်အစိတ်အပိုင်းများ အသစ်လဲလှယ်ဆောင်ရွက်နေမှုကို



အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် သာကေတဓာတ်အားပေးစက်ရုံအတွင်း လေပိုက်များအား ကရိန်းဖြင့် တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

အားလိုင်းဆောင်ရွက်ရန် အခြေအနေများကို လိုက်လံ ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ 230 KV ဓာတ်အားလိုင်းများပြီးစီးပါကဧရာဝတီတိုင်းသို့လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

သာကေတဓာတ်အားပေးစက်ရုံ

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် သာကေတဓာတ်အားပေး စက်ရုံသို့ ရောက်ရှိရာ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရန် သဘာဝဓာတ်ငွေ့များကို သန့်စင်မှုတ်ထုတ်နေမှုနှင့် စက်အမှတ်(၁)တာဘိုင်၌ လျှပ်စစ်ကျွမ်းကျင်အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် သာကေတဓာတ်အားပေးစက်ရုံ၏ Switch Yard အတွင်း ဗီဒါများအလိုက် ဓာတ်အားလိုင်းများဆက်သွယ်ဆောင်ရွက်ထားရှိမှု၊ ထရန်စဖော်မာများနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ဆေးတက္ကသိုလ်(မကွေး)သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများကို တွေ့ဆုံ၍ မိမိတို့သင်ယူရမည့် ဘာသာရပ်များကို ကျွမ်းကျင်တတ်မြောက်အောင် ကြိုးစားကြရန်၊ ပြည်သူများအားကိုးကြရမည့် ဆရာဝန်ကောင်းများဖြစ်လာရေး ရည်မှန်းထားရှိရန် မှာကြားပြီး ဆေးတက္ကသိုလ်(မကွေး)မှ ဆရာ ဆရာမများကိုတွေ့ဆုံကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် အခြေခံကျန်းမာရေးတက္ကသိုလ်သို့ ရောက်ရှိပြီး ဝန်ကြီးက အခြေခံကျန်းမာရေးသိပ္ပံဘွဲ့(အခြေခံကျန်းမာရေး) သင်တန်းသို့ တက်ရောက်နေကြသော ကျောင်းသား ကျောင်းသူများ၊ တက္ကသိုလ်မှ ဆရာ ဆရာမများကို တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဆောင်ရွက်ပေးသည်။

စံချိန်စံညွှန်းမီ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မင်းဘူးခရိုင် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံဝင်းအတွင်း ဆောက်လုပ်လျက်ရှိသည့် တိုးချဲ့လူနာဆောင်ကို ကြည့်ရှုစစ်ဆေးရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးသန်းအေးက ဆောက်လုပ်ပြီးစီးမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် အဆောက်အအုံများ စံချိန်စံညွှန်း ပြည့်မီရေးတို့အတွက် မှာကြားသည်။

ယင်းနောက် ဆရာဝန်နှင့် သူနာပြု ဆရာမများကို တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ကွင်းဆင်းဆောင်ရွက်

ဝန်ကြီးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ၂၀ ရက်တွင် မကွေးတိုင်း စေတုတ္တရာ ဂန့်ဂေါ၊ ထီးလင်း၊ ငဖဲ၊ ဆော၊ မင်းတုန်းနှင့် အောင်လံမြို့နယ်များမှ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဝန်ထမ်းများကို တွေ့ဆုံ၍ ကျန်းမာရေးပညာပေးခြင်း လုပ်ငန်းများကို ကျေးလက်ဒေသအောက်ခြေအထိ ကွင်းဆင်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် မကွေးမြို့ ခုတင်(၂၀၀)ဆံ့ သင်ကြားရေးဆေးရုံ ဆောက်လုပ်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိပြီး ဆောက်လုပ်ပြီးစီးသည့် လူနာဆောင်များကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များမှာကြားသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် မကွေးမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိလာပြီး လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ အထူးကြပ်မတ်ကုသခန်း၊ စာသင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တောင်တွင်းကြီးမြို့နယ်ဆေးရုံသို့ ရောက်ရှိပြီး ကာကွယ်ဆေးများထားရှိရာ အအေးခန်းစနစ်၊ လူနာဆောင်များ၊ ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့နယ် တောင်ညိုတိုက်နယ်ဆေးရုံ ပြင်ဆင် မွမ်းမံနေမှုကိုကြည့်ရှုကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖေဖော်ဝါရီ၂၂ ရက်က (၈၉)ကြိမ်မြောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ တပ်မတော်နေ့အထိမ်းအမှတ် ညည့်ခံပွဲသို့ တက်ရောက်လာသော ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဇနီးတို့အား ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံစစ်သံမှူး Colonel Vladimirl Konchakov က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင် ပျဉ်းမနား-နေပြည်တော်-တောင်ငူခရီးစဉ် ဆုပေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ရန်ကုန်-ပြည်-မန္တလေး-ရန်ကုန် မိုင် ၁၀၀၀ ခရီးရှည် အမျိုးသားစက်ဘီးစီးပြိုင်ပွဲ၏ ဒသမနေ့ပွဲစဉ်ဖြစ်သော ပျဉ်းမနား-နေပြည်တော်-တောင်ငူ ခရီးစဉ်ဖွင့်ပွဲကို ယနေ့နံနက် ၆ နာရီက ပျဉ်းမနားမြို့ ပေါင်းလောင်း အားကစားပြိုင်ကွင်းရှေ့၌ ကျင်းပသည်။

တာလွှတ်

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က ပြိုင်ပွဲဝင် စက်ဘီးအားကစားသမားများအား တာလွှတ်မည့်နေရာ၌ နှုတ်ဆက်အားပေးစကားပြောကြားသည်။ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က သေနတ်ပစ်ဖောက်၍ ပြိုင်ပွဲကို တာလွှတ်ပေးသည်။

ပြိုင်ပွဲဝင် စက်ဘီးအားကစားသမားများသည် ပျဉ်းမနားမြို့မှ တောင်ညို-ပျဉ်းမနားလမ်းအတိုင်း နေပြည်တော်မြို့တော်ခန်းမ၊ မြို့အဝင်အဝိုင်းကိုပတ်၍ လယ်ဝေးဖြတ်လမ်းမှ ဟိုတယ်ဇုန်၊ နေပြည်တော်လေဆိပ်၊ လယ်ဝေး-ပျဉ်းမနားမြို့ရှောင်လမ်းသစ်မှ သာဝတ္ထိ၊ ပဲခူးတိုင်းအဝင် ရေနီ၊ မြို့လှ၊ သာဂရ၊ ဆွာ၊ ရေတာရှည်မြို့တို့ကို ဖြတ်သန်းစီးနင်းပြီး တောင်ငူမြို့ မိုင်ဒါအားကစားကွင်းရှေ့သို့ နံနက် ၉ နာရီခွဲခန့်တွင် ရောက်ရှိ ပန်းဝင်ကြသည်။ ပျဉ်းမနား-နေပြည်တော်-တောင်ငူ ခရီးစဉ်သည် (၉၅)မိုင် ကွာဝေးသည်။

ပန်းဝင်

ပျဉ်းမနား-နေပြည်တော်-တောင်ငူ ခရီးစဉ်၏ ဖြတ်သန်းရာ လမ်းတစ်လျှောက်ရှိ မြို့ရွာများမှ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများက လမ်းဘေးဝဲယာမှ တစ်ခဲနက် ကြိုဆိုအားပေးကြသည်။ ပျဉ်းမနားမြို့မှ ပြိုင်ပွဲဝင် ၇၂ ဦး တာထွက်ယှဉ်ပြိုင်ရာ တောင်ငူမြို့သို့ ၇၁ ဦး ပန်းဝင်နိုင်ကြသည်။

ပျဉ်းမနား-နေပြည်တော်-တောင်ငူ ခရီးစဉ်အတွက် ဆုပေးပွဲကို နံနက် ၁၁ နာရီက တောင်ငူမြို့ မိုင်ဒါအားကစားကွင်းရှေ့၌ ကျင်းပသည်။ ရှေးဦးစွာ တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးသိန်းဆွေက တတိယရရှိသော ဝင်းလှိုင်(လယ်/ဆည်)အား ငွေကျပ်တစ်သောင်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးထွန်းမြတ်က ဒုတိယရရှိသော အောင်မျိုးနိုင်(Maxxis)အား ငွေကျပ် နှစ်သောင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး (ယှဉ်ပြိုင်/လေ့ကျင့်) ဦးနော်တောင်က ပထမရရှိသော ကျော်မျိုးလှိုင် (ဘဏ္ဍာ/အခွန်)အား ငွေကျပ်သုံးသောင်းနှင့် အဝါရောင်အင်္ကျီကို ပေးအပ်ချီးမြှင့်ကြသည်။

မိုင် ၁၀၀၀ ခရီးရှည် အမျိုးသားစက်ဘီးစီးပြိုင်ပွဲ၏ တောင်ငူ-ညောင်လေးပင် ခရီးစဉ်ကို ဖေဖော်ဝါရီ၂၃ ရက် နံနက်ပိုင်းတွင် တောင်ငူမြို့ မိုင်ဒါအားကစားကွင်းရှေ့မှ စတင်တာလွှတ်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ယနေ့မြန်မာစံတော်ချိန် ၀၃ နာရီ မိနစ် ၂၀ ၃၁ စက္ကန့်အချိန်တွင် ကမ္ဘာ့အေး မြေငလျင်စခန်းမှ မြောက်အနောက်မြောက်ဘက် မိုင် ၄၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။ (မြန်မာ့အလင်း)

ရန်ကုန်တိုင်းနှင့် မွန်ပြည်နယ်တို့၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် (၉)ရပ်ကွက် အင်းလျားကန်ပန်းခြံရှိ စားသောက်ဆိုင်တစ်ဆိုင်၌ ဖေဖော်ဝါရီ၁၇ ရက်တွင် မီးအားမြှင့်စက်ဖွင့်ထားရာမှ အပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် ဆိုင်ခန်း လေးခန်း မီးလောင်ကျွမ်းခဲ့သည်။

မော်လမြိုင်

မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် အဝေးပြေးကားဝင်းတွင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ ဖေဖော်ဝါရီ၁၇ ရက် ညနေ ၆ နာရီခန့်တွင် ပလတ်စတစ်ပုံးအတွင်း ဓာတ်ဆီထည့်ရာမှ မီးလောင်မှုဖြစ်ပွားသဖြင့် ဆိုင်ခန်း လေးခန်း မီးလောင်ကျွမ်းခဲ့ပြီး လူတစ်ဦး အနည်းငယ်ဒဏ်ရာရရှိခဲ့သည်။

သဃ်္ဃန်းကျွန်း

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် စီမံကိန်းအပိုင်း(၂) မြဝတီလမ်း၌ ဖေဖော်ဝါရီ၁၈ ရက် ည ၈ နာရီခန့်တွင် ဘုရားမီးပူဇော်ထားသော ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားပြီး နေအိမ်နှစ်လုံး မီးလောင်ကျွမ်းကာ လူ ၃၁ ဦး အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

ပတ်ဝန်းကျင် ကျန်းမာရေးအောင်မြင်မှု ဆယ်စုနှစ်

ဒေါက်တာခင်မောင်လွင်

ဆယ်စုနှစ် တစ်စုစာ အတိုင်းအတာနဲ့ အောင်မြင်မှုရခဲ့တဲ့ ကျန်းမာရေးဆောင်ရွက်မှု တစ်ခုအကြောင်းကို တင်ပြလိုပါတယ်။ အဲဒါကတော့ ပတ်ဝန်းကျင် ကျန်းမာရေးဆိုင်ရာ အောင်မြင်မှုပါပဲ။ လူတွေရဲ့ကျန်းမာရေးဟာ ပတ်ဝန်းကျင်နဲ့ တိုက်ရိုက်ထိစပ် ပတ်သက်နေတယ်ဆိုတာကို အများလက်ခံလာတာ မကြာသေးပါဘူး။ လူတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့ဖို့ရာမှာ ပတ်ဝန်းကျင်ဟာ အရေးပါလွန်းလို့ ကမ္ဘာ့မိသားစုကြီးအနေနဲ့ အလေးအနက် ဆွေးနွေးလာရပါပြီ။ ပတ်ဝန်းကျင်နဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေ မြောက်မြားစွာ ရှိတဲ့အထဲက လူတွေနဲ့ တိုက်ရိုက်ပတ်သက်ပြီး လူတွေကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းနိုင်တဲ့ ယင်လုံအိမ်သာကိစ္စကို ကျွန်တော်တို့ ဦးစားပေးပြီး ဆောင်ရွက်လာခဲ့တဲ့ ဆယ်စုနှစ် အတွင်းမှာ နိုင်ငံတကာနှင့် ယှဉ်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့ကြပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံအားလုံးမှာ ဦးစားပေးစရာလုပ်ငန်းတွေ ကိုယ်စီရှိကြပေမယ့် အများစုကြီးဟာ ကျန်းမာရေးအတွက် ရင်းနှီးမြှုပ်နှံဖို့ လက်နှေးကြပါတယ်။ ချမ်းသာလာရင် ကျန်းမာလာမှာပဲလို့ အတွေးလွဲကြပါတယ်။ ကျန်းမာမှုအခြေခံမှ ချမ်းသာအောင်လုပ်နိုင်ပြီး ရလာတဲ့အဆင့်အတန်းကို ရေရှည်ထိန်းသိမ်းရုံမက တိုးမြင့်အောင် လုပ်နိုင်တယ်ဆိုတဲ့ အသိတရားရလာအောင် အတော်ကို ကြိုးစားနေကြပါတယ်။ ကျန်းမာရေးဆိုရာမှာလည်း ရောဂါဖြစ်လာမှ ကုသဖို့ ငွေစုထားမှာလား၊ ရောဂါမဖြစ်အောင် ကာကွယ်တဲ့နေရာမှာ သုံးမှာလား။ ရောဂါ မလာမရောက်နိုင်အောင် ကျန်းမာရေး အဆင့်အတန်း မြင့်မြင့်မားမား နေကြမှာလားဆိုတဲ့ ရွေးချယ်မှုတွေ မှန်ကန်နေမှ ရင်းနှီးမြှုပ်နှံရကျိုးနပ်မှာပါ။ ယင်လုံအိမ်သာတစ်လုံးဆောက်မယ်ဆိုရင် ငွေတစ်သောင်းလောက် အနည်းဆုံး ကုန်ပါမယ်။ ကျွန်တော်တို့ ဆယ်စုနှစ်တစ်ခုအတွင်း ယင်လုံအိမ်သာ ၇သန်းကျော် ဆောက်ပြီးသွားပါပြီ။ စုစုပေါင်းကျပ်ငွေ (ကုဋေခုနစ်ထောင်) ရင်းနှီးမြှုပ်နှံခဲ့ပြီးပါပြီ။ ဒါဟာ လူထုအားလုံးရဲ့ ရင်းနှီးမြှုပ်နှံမှု ဖြစ်ပါတယ်။

၁၉၉၈ခုနှစ်တုန်းက စာရင်းအရ ယင်လုံအိမ်သာ လွှမ်းခြုံမှုဟာ ၄၀ရာခိုင်နှုန်းသာ ရှိရာကနေ အခုနောက်ဆုံး ၈၄ရာခိုင်နှုန်းအထိ တိုးသွားပါပြီ။ နှစ်ဆတိုးသွားပါပြီ။ တကယ်တော့ ၂၀၀၂ခုနှစ် ကတည်းက နှစ်ဆလောက် တိုးခဲ့ပြီးသားပါ။ ပျက်စီးသွားတာတွေ ယင်မလုံတော့တာတွေကို နုတ်လိုက်၊ အသစ်ထပ်ဆောက်လိုက်နဲ့ လွှမ်းခြုံမှု ရာခိုင်နှုန်းဟာ အတက်အကျ ရှိခဲ့ပါတယ်။ အိမ်သာဆောက်တိုင်းကောင်းမှ ဖြစ်မယ်ဆိုတဲ့ ယုံကြည်ချက်နဲ့ အိမ်သာသစ်သစ် ကောင်းကောင်းလေးတွေ ဆောက်ခဲ့ကြသလို ပျက်စီးယိုယွင်းမှုတွေကိုလည်း ရှာဖွေပြုပြင်နိုင်တဲ့အတွက် တိုးတက်မှုတွေ ဖြစ်လာခဲ့ပါတယ်။ ဒီနှစ်ထဲမှာ လူတစ်ရာမှာ ကိုးဆယ်လောက် ယင်လုံအိမ်သာ သုံးနိုင်အောင်ရည်မှန်းပြီး အမျိုးသား ပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်ကို ထပ်မံဆောင်ရွက်လျက်ရှိပါတယ်။

ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကျန်းမာရေး အဆင့်မြင့်ရေးအတွက် ယင်လုံအိမ်သာ ဆောက်လုပ်မှုကို အမျိုးသားရေးအသွင်နဲ့ တစ်နိုင်ငံလုံးက ပါဝင်ဆောင်ရွက်ကြတဲ့အတွက် ဒီလိုအဆင့်မြင့်မြင့် ရည်မှန်းနိုင်တာဖြစ်ပါတယ်။ ၁၉၉၈ခုနှစ်ကစပြီး အမျိုးသားရေးအသွင်နဲ့ လှုပ်ရှားလာခဲ့တာ ဆယ်စုနှစ်တစ်စုရှိခဲ့ပြီ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်နိုင်ဖို့ ၁၉၉၅ခုနှစ်ကတည်းက အမျိုးသားကျန်းမာရေး ကော်မတီက မူဝါဒတစ်ရပ် ချမှတ်ခဲ့ပြီး တစ်နိုင်ငံလုံးမှာ စည်းရုံးပညာပေး ဆောင်ရွက်ခဲ့ကြပါတယ်။ အသိပညာတွေ၊ နည်းပညာတွေ စုံလာပြီး ဒေသထွက်ပစ္စည်းတွေနဲ့ အလွယ်တကူ ဆောက်လုပ်နိုင်အောင် စီစဉ်ပေးကြတဲ့အတွက် ၁၉၉၈ခုနှစ်က စလိုက်တဲ့ လုပ်ငန်းစဉ်ကြီးက နှစ်စဉ်မပျက် အဆင့်မြင့်သည်ထက် မြင့်လာခဲ့တာဟာ နိုင်ငံသား အားလုံးအတွက် ဂုဏ်ယူစရာ ဖြစ်ပါတယ်။

ပထမအကြိမ် အမျိုးသား ပတ်ဝန်းကျင် သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်မှာ ကတည်းက ရည်မှန်းချက်ကြီးကြီး ထားခဲ့ပါတယ်။ ယင်လုံအိမ်သာ တစ်သန်းဆောက်ကြရအောင်လို့ စည်းရုံးခဲ့ကြပါတယ်။ မယုံကြည်သူတွေကိုလည်း စာရင်းဇယားနဲ့ တွက်ပြခဲ့ပါတယ်။ နိုင်ငံမှာ ရွာပေါင်းခြောက်သောင်းကျော် ရှိတယ်။ တစ်ရွာကို အိမ်သာ ၁၅လုံး ဆောက်ရင် တစ်သန်းလောက် တစ်မုဟုတ်ချင်း တိုးသွားမယ်ဆိုတာ ဖြစ်နိုင်တယ်လို့ ယုံကြည်ပြီး ဆောက်လုပ်ကြည့်တော့ ၉၃၂၀၀၀ ကျော် ဆောက်နိုင်တာ တွေ့ရတယ်။

ဒီလို ရက်သတ္တပတ်လှုပ်ရှားမှုမျိုးနဲ့ ယင်လုံအိမ်သာတစ်သန်းလောက် ဆောက်နိုင်တာကို မယုံကြည်ကြတဲ့ နိုင်ငံခြားတိုင်းပြည်တွေက လာကြည့်ကြတယ်။ ရွာတွေအထိ သွားကြတယ်။ ရောက်လေရာ နေရာမှာ ဂုဏ်ယူပြုံး ပြုံးနေကြတဲ့ ရွာသူရွာသားတွေကို တွေ့ကြရတယ်။ တစ်ချိန်က တောထိုင်ခဲ့တဲ့ ဘဝနဲ့ ယင်လုံအိမ်သာ ပိုင်ရှင်တစ်ယောက်ရဲ့ဘဝ အခြားနားကြီး ခြားနားတာကို လက်တွေ့လုပ်ကြည့်သူပဲသိတယ်။ ပေါ့ပေါ့တန်တန် လုပ်လို့မရတဲ့ အလုပ်ဖြစ်လို့ ဂုဏ်ယူကြတယ်။ ကိုယ့်ကြောင့်၊ ကိုယ့်မိသားစု ကျန်းမာရုံမက ရပ်ရွာပါမျက်နှာလှတဲ့ အဖြစ်မျိုးမို့ “ကိုယ့်မြို့ကိုယ့်ရွာတိုးတက်ဖို့ ယင်လုံအိမ်သာ ဆောက်ကြစို့” ဆိုတဲ့ ဆောင်ပုဒ်မျိုးနဲ့ ဂုဏ်ယူဖွယ် စည်းရုံးလှုံ့ဆော်ခဲ့ပါတယ်။

အခု ဆယ်စုနှစ် ကုန်ခါနီးမှာ ဆောင်ပုဒ်က တစ်ခါထပ်ပြောင်းသွားတယ်။ ‘တစ်သက်တာကျန်းမာဖို့ သန့်ရှင်းအိမ်သာသုံးကြစို့’ ဆိုတဲ့ ဆောင်ပုဒ်တဲ့၊ ယင်လုံအိမ်သာဆိုတာက ရုပ်ဝတ္ထု သန့်သန့်ရှင်းရှင်းမသုံးရင် အလကားပဲ၊ အကျိုးမရှိပါဘူး။ ဒါကြောင့် သန့်သန့်ရှင်းရှင်း သုံးဖို့၊ သန့်ဖို့၊ ပြုပြင်ဖို့ လုပ်ငန်းတွေပူးတွဲပါနေမှ သန့်ရှင်းတဲ့အိမ်သာတစ်ခုဖြစ်လာမှာကို ရည်ရွယ်ပြီး တွန်းအားပေးကြရတာပါ။ အိမ်သာကောင်းကောင်းကြီးတွေ ဆောက်ပြီး ညစ်ပတ်ပေရေနေတဲ့ မြို့ပြတွေကို ကျွန်တော်အများကြီး တွေ့ဖူးပါတယ်။ သန့်ရှင်းမှုအဆင့်ကို ထိန်းသိမ်းနိုင်ဖို့ဆိုတာ လူတိုင်းနဲ့ ဆိုင်နေတယ်။ လူတစ်ယောက်ကစလိုက်ရင် လူပေါင်းများစွာ စိတ်ညစ်သွားနိုင်တာ အိမ်သာပါပဲ။ အချိန်မီ မပြုပြင်နိုင်ရင် ကျန်းမာရေးထိခိုက်ရုံသာမက ဝမ်းလျှောဝမ်းပျက်ရောဂါတွေ၊ အသည်းရောင် အသားဝါရောဂါတွေ၊ အူရောင်ငန်းဖျားရောဂါတွေကအစ ကပ်ရောဂါတွေအထိ ဖြစ်နိုင်ပါတယ်။ ဒါကိုသိပြီး သတိထားနိုင်ဖို့၊ ပြုပြင်နိုင်ဖို့၊ ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့ ရည်ရွယ်ဆောင်ရွက်ရတာ လွယ်တော့ မလွယ်ပါဘူး။ ရွာက လူကြီးတွေ၊ စေတနာရှင်တွေ၊ လူငယ်လေးတွေ၊ ကျောင်းက ဆရာဆရာမတွေ၊ ကျောင်းသူ ကျောင်းသားတွေရဲ့အားနဲ့ ဝိုင်းကြီးချုပ် လုပ်ကြလို့သာ ဒီလောက် ရေရှည်ခံတဲ့ တိုးတက်မှုကို ရတာဖြစ်ပါတယ်။ အိမ်ရှင်မတွေက ပျိုးထောင်ထိန်းသိမ်းပေးကြလို့ သန့်ရှင်းအိမ်သာ ဖြစ်ရတာတွေလည်း အများကြီးပါပဲ။

ဒီထက် ကြိုးစားဆောင်ရွက်နေကြတဲ့ ကြားထဲမှာ ဒေသတချို့ကျန်နေခဲ့သေးတယ်။ ရေလွှမ်းတဲ့ဒေသတွေနဲ့ ကမ်းရိုးတန်းဒေသတွေပါပဲ။ ကမ်းရိုးတန်း ရေတက် ရေကျရှိတဲ့ နေရာတွေ၊ ကျွန်းတွေမှာ ယင်လုံအိမ်သာတွေ လိုနေသေးတယ်။ ရေတက်ရေကျနဲ့ ပင်လယ်ရေက သိမ်းသွားတာပဲလို့ ပေါ့ဆလို့မရပါဘူး။ ဝေးလံပြီး ရေလမ်းခရီးနဲ့သာ ဆက်သွယ်လို့ရတဲ့ ကျွန်းတွေမှာ ဝမ်းလျှော ဝမ်းပျက်ဖြစ်ရင် အချိန်မီ ဆေးကုခံရဖို့အတွက် ခရီးခက်ခဲလိမ့်မယ်။ ရောဂါမဖြစ်အောင် နေတာက အကောင်းဆုံးပဲ။ နောက်ပြီး ကိုယ့်ဒေသထွက် ငါး၊ ပုစွန်တွေမှာလည်း ရောဂါပိုးတွေ ကပ်ငြိမှုနည်းသွားတယ်။ ရောင်းပန်းလှတော့ စီးပွားဖြစ်မှာပဲ။ နိုင်ငံခြားကို ရောင်းရင်လည်း အဝယ်လိုက်မှာပဲ။ သန့်ရှင်းအိမ်သာတစ်ခုရဲ့ အကျိုးဆက်တွေက အများကြီးပါ။

ဝေးလံခေါင်းပါးတဲ့ ဒေသတွေ၊ ခက်ခဲတဲ့ဒေသတွေမှာ ဒီသဘောပါပဲ။ ကျန်းမာရေးအတွက် အဆောက်အအုံဆိုတာ ဆေးရုံဆေးခန်းတွေ ရှိရုံနဲ့ မပြီးဘူး။ ယင်လုံအိမ်သာတွေ လိုတယ်၊ ရေကောင်း ရေသန့်တွေ လိုတယ်၊ သန့်ရှင်းတဲ့ အစားအစာတွေကို စားသုံးနိုင်ရမယ်။ တစ်ကိုယ်ရေသန့်ရှင်းမှုကို သိရှိဂရုစိုက်နိုင်ရမယ်။ အိမ်သာသန့်နဲ့အတူ တွဲလျက်ပါနေတာကတော့ အစာသန့်ရယ်၊ ရေသန့်ရယ်၊ လက်သန့်ရယ်၊ သန့်လေးသန့်ပါပဲ။ တစ်ခုပဲရှိနေရုံနဲ့တော့ ပြီးပြည့်စုံတဲ့ ကျန်းမာရေးကို မရနိုင်ပါဘူး။ ကျန်းမာရေးအတွက် ဆောင်ရွက်စရာတွေ အများကြီးရှိတဲ့အနက်က သန့်(၄)သန့်ဟာ အခြေခံပါပဲ။ အလွယ်ဆုံး၊ ကုန်ကျစရိတ်အနည်းဆုံးနဲ့ ဖန်တီးနိုင်တဲ့ ကိစ္စတွေပါပဲ။

အံ့ဩစရာကောင်းတာက တောင်ပေါ်သား ညီအစ်ကိုမောင်နှမ အတော်များများမှာ ယင်လုံအိမ်သာတွေ ရှိနေကြတာပါပဲ။ သစ်တုံးတွေ၊ ထင်းရှူးတုံးတွေနဲ့ တည်ဆောက်ထားတဲ့ မြေစိုက်အိမ်သာလေးတွေကို တောင်ပေါ်မှာ တွေ့နိုင်တယ်။ အိမ်သာပေါက်ကို ဖုံးလိုက်ရုံနဲ့ ယင်လုံအိမ်သာဖြစ်သွားပြီ။ အလွန်လွယ်ကူပါတယ်။

ယင်လုံအိမ်သာတွေ နေရာအနှံ့ တွေ့နေလျက်သားနဲ့ ဘာကြောင့်များ ဝမ်းပျက်ဝမ်းလျှောရောဂါတွေ ထပ်ဖြစ်နေရသလဲလို့ မေးတဲ့သူတွေ ရှိပါတယ်။ ယင်လုံ၊ အနံ့လုံ၊ အရှက်လုံဆိုတဲ့ ‘လုံသုံးလုံ’နဲ့ ပြည့်စုံနေပေမယ့် အဲဒီအိမ်သာက ရေထုကို ညစ်ညမ်းစေတဲ့ အနေအထားမျိုးမှာ မရှိအောင် ဂရုစိုက်ဖို့ လိုပါတယ်။ ရေတွင်းရေကန်ရဲ့ အထက်မှာ အိမ်သာမရှိသင့်ဘူး။ အနည်းဆုံး ပေ ၅၀ ခွာပြီးမှ အိမ်သာဆောက်သင့်တယ်။ လက်တွေ့မှာတော့ မြေနေရာအမျိုးမျိုးမှာ ရွာတည်ထားတဲ့ ဒေသတွေအများကြီးပဲ။ သူ့အိမ်သာနဲ့ ကိုယ့်ရေတွင်း မလွတ်မကင်းရှိနိုင်တယ်။ မြစ်ကမ်း၊ ချောင်းဘေးက အိမ်သာတွေဟာ ရေကိုညစ်ညမ်းစေမယ်။ ရေကို ညစ်ညမ်းစေတဲ့ ရေသုံးစလေ့လဲရှိနေတယ်။ အပင်ပန်းခံသယ်လာပြီး သောက်ရေအိုးထဲရောက်တဲ့အချိန်ကျမှ ရေညစ်ညမ်းမှု ဖြစ်သွားတာတွေ တွေ့နေရတယ်။ သုံးရေမှာလဲ ဒီအတိုင်းပဲ အိုးခွက်၊ ပန်းကန်ဆေးတဲ့ရေ၊ သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်ဆေးတဲ့ ရေက မသန့်တာများတယ်။ မြစ်ရေ၊ ချောင်းရေ၊ ကန်ရေ ရရာရေနဲ့ ဆေးကြော အသုံးပြုနေကြတယ်။ ဈေးထဲမှာ၊ ပွဲခင်းထဲမှာ ပိုဆိုးတယ်။ သား၊ ငါးတွေကို ကိုင်ပြီးရင် လက်ကိုစင်အောင် ဆေးစရာ ရေနဲ့ဆပ်ပြာ ဈေးထဲမှာမရှိရင် ရောဂါ အိမ်ကိုသယ်လာနိုင်တယ်။

ရေထဲကို ရောဂါပိုးဝင်တာ၊ အစာထဲကို ရောဂါပိုးဝင်တာတွေကို ကာကွယ်ဖို့ရာ တော်တော်ကို ကြိုးစားရပါတယ်။ ကောင်းတာကတော့ ကိုယ့်အိမ်ထဲ ရောက်လာတဲ့ရေကို သန့်အောင် လုပ်တတ်ဖို့ပါပဲ။ နည်းတွေ အများကြီးရှိပါတယ်။ မကြိုးစားဘဲနဲ့ ရေသန့်မရနိုင်ပါဘူး။ မကြိုးစားဘဲနဲ့ အစာသန့် မရနိုင်ပါဘူး။ မမေ့မလျော့၊ မပေါ့မဆ သတိနဲ့ သန့်ရှင်းစင်ကြယ်အောင် နေနိုင်မှ တစ်ကိုယ်ရေသန့်ရှင်းပြီး ရောဂါဝင်ရောက်မလာအောင် ဟန့်တားနိုင်ပါတယ်။

ကျွန်တော်တို့ ထပ်ကြိုးစားရင် နှစ်များမကြာခင်မှာ လူတိုင်း ယင်လုံအိမ်သာ သုံးစွဲနိုင်ကြဖို့ ရှိပါတယ်။ **အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှုတွေနဲ့ တွဲပြီးပါလာတဲ့ ရေသန့်တွေ သုံးရလို့၊ အစာသန့်တွေ စားသုံးနိုင်လို့၊ တစ်ကိုယ်ရေ သန့်ရှင်းရေး အဆင့်မြင့်ကြလို့ ကျန်းမာရေးအဆင့်တွေမြင့်မားလာရင် ခေတ်မီဖွံ့ဖြိုး တိုးတက်တဲ့ နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်တဲ့ လူ့စွမ်းအား အရင်းအမြစ်ရတနာတွေ နေရာတကာမှာ ပြည့်နေမယ်လို့ ယုံကြည်**ပါတယ်။ ကျွန်တော်တို့ အားလုံး ကြိုးစားကြပါစို့။ ။

အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး လှုပ်ရှားမှုတွေနဲ့ တွဲပြီးပါလာတဲ့ ရေသန့်တွေ သုံးရလို့၊ အစာသန့်တွေ စားသုံးနိုင်လို့၊ တစ်ကိုယ်ရေသန့်ရှင်းရေး အဆင့်မြင့်ကြလို့ ကျန်းမာရေးအဆင့်တွေ မြင့်မားလာရင် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်တဲ့ လူ့စွမ်းအား အရင်းအမြစ်ရတနာတွေ နေရာတကာမှာ ပြည့်နေမယ်လို့ ယုံကြည်။

သီးနှံစိုက်စွမ်းအားမြှင့်တင်ပြီး ပန်းတိုင်အထွက်ရရှိအောင်ကြိုးပမ်း တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ဒေသခံတောင်သူများအား တွေ့ဆုံမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၇ရက် နံနက်က မအူပင်မြို့နယ် ဝါးတောကျေးရွာ ယာယီရှင်းလင်းဆောင်တွင် ဒေသခံတောင်သူများအားတွေ့ဆုံကာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌက မြို့နယ်၏ မြေယာအသုံးချမှုနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကိုရှင်းလင်းတင်ပြရာ တိုင်းစိုက်ပျိုးရေး မန်နေဂျာ ဦးမျိုးဝေက ရေနက်ကွင်းများတွင် အထွက်နှုန်းသင့်တော်သော ရတနာဝင်း ရေနက်မျိုးစပါးဖြန့်ဝေမည့် အခြေအနေများ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဎင်းနောက် တိုင်းမှူးသည် တက်ရောက်လာကြသူများအား ဒေသဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ရှိသူများနှင့် ပူးပေါင်း ဆောင်ရွက်ပြီး သီးနှံစိုက်စွမ်းအား မြှင့်တင်၍ ပန်းတိုင်အထွက်ရရှိအောင် ကြိုးစားရေး မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက်တိုင်းမှူးသည်ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာအုပ်စု ဧက ၄၀၀စပါးစံပြကွက် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မြို့နယ်ဥက္ကဋ္ဌက မြို့နယ်၏ စိုက်ပျိုးရေး အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက တက်ရောက်လာကြသူများအား ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းမှာကြားကာ နွေစပါးစိုက်ခင်းအတွင်း ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ရောစပ်ပက်ကြဲမှုကို ကြည့်ရှုအားပေးသည်။

ဘက်စုံအလှူငွေပေး

ဎင်းနောက်တိုင်းမှူးသည်ကျိုက်လတ်မြို့ အမှတ်(၅)ရပ်ကွက် (၁၂)လမ်းတွင် အကျယ် ၁၄ပေ၊ အမြင့် ၅ပေ၊ အရှည် ပေ ၅၀၀ရှိ ကိုယ့်အားကိုယ်ကိုး မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားပြီး အမှတ်(၂)ရပ်ကွက်ရှိ မဟာအတုလမြတ်မုနိ ရုပ်တော်မှုဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများကပ်လှူပူဇော်ကာ ဘက်စုံအလှူငွေများ ပေးအပ်ခဲ့သည်။ **(အပေါ်ယာပုံ)**

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကျိုက်လတ်–ဖျာပုံ–ဘိုကလေး ကားလမ်း ဝဲယာတစ်လျှောက် နွေစပါးစိုက်ခင်းများ ရှင်သန်ဖြစ်ထွန်းမှုကို ကြည့်ရှုစစ်ဆေး ထွက်ခွာပြီး ဘိုကလေးမြို့နယ် မြင်းကကွင်းကျေးရွာ၌ ဒေသခံများအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံများကိုယ်တိုင် အသိစိတ်ဓာတ်ရှိရှိဖြင့် ပူးပေါင်းဆောင်ရွက်ရေး မှာကြားကာ ကျေးရွာတွင် ရန်ကုန်မြို့ ပြည်ထောင်စုရိပ်သာလမ်းနေ ဦးကံလှ– ဒေါ်ပို မိသားစုတို့က ငွေကျပ်သိန်း ၁၂၀ အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းထားသောကျေးလက်စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ရေရှည် ရှင်သန်ဖွံ့ဖြိုးရေး ဆက်လက်ဆောင်ရွက်ကြရန် မှာကြားသည်။

(သတင်းစဉ်)

ရွှေတိဂုံစေတီတော် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရွှေတိဂုံစေတီတော် (၂၅၉၅)နှစ်မြောက် ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက စေတီတော်ရင်ပြင်တော် ရာဟုထောင့်ရှိ ချမ်းသာကြီး တန်ဆောင်း၌ ကျင်းပသည်။

ဖတ်ကြား

ရှေးဦးစွာ ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးမြသိန်းက ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကျင်းပရေးနှင့် စပ်လျဉ်း၍ ဗုဒ္ဓပူဇာ မင်္ဂလာစာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

နဝင်္ဂသီလခံယူ

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ မဟာအောင်မြေဘုံစံ ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာ ရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာ ဘိဝံသထံမှညွှန့်ပရိသတ်များက နဝင်္ဂသီလခံယူ ဆောက်တည်ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍မြတ်ဗုဒ္ဓ၏သဗ္ဗညုတဉာဏ်ရောင်မြတ်တန်ဆောင်ကိုလေးမြတ်ကော်ရော် ပူဇော်သောအားဖြင့် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်ကြသော အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဩဝါဒါစရိယ ညောင်တုန်းကျောင်းတိုက်ဆရာတော် အဘိဓဇမဟာ ရဋ္ဌဂုရု ဘဒ္ဒန္တသောဘဏနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆီမီးတန်ဆောင် ထွန်းညှိပူဇော်ပြီး ဗုဒ္ဓပူဇနိယ တပေါင်းပွဲတော်ကြီးကို ဖွင့်လှစ်ပေးသည်။

ပူဇော်

ထို့နောက် ဗဟိုမဏ္ဍပ်အတွင်းရှိ ရတနာဃရစံအိမ်တော်အတွင်းရှိအသင့်နေရာယူထားသော သံဃာတော်များက အသံမစဲမဟာပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်သည်။

(သတင်းစဉ်)

ကြို့ပင်ကောက် သင်္ကြန်တွင်းတရားစခန်း

ပဲခူးတိုင်း(အနောက်ပိုင်း)ကြို့ပင်ကောက်မြို့ ဖောဓိရိပ်သာကျောင်းတိုက်၏ ပဓာန နာယကပြည်တွင်း၊ ပြည်ပ သာသနာပြု(အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တ သောနက ဆရာတော်ကြီးကိုယ်တိုင် (၁၃၆၈ခု တန်ခူးလပြည့်ကျော် ၁၂ ရက်မှ ကဆုန်လဆန်း ၃ ရက်)အထိ ခုနစ်ရက်တိုင်တိုင် တရားစခန်း ဖွင့်လှစ်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများအနေဖြင့် (တန်ခူးလပြည့်ကျော် ၁၁ ရက်) မွန်းလွဲ ၁ နာရီအရောက် ဖောဓိရိပ်သာကျောင်းတိုက်သို့ လာရောက်ကြရန်နှင့် ဖုန်း–၀၅၂–၅၀၀၅၁သို့ ကြိုတင်ဆက်သွယ်စာရင်းသွင်းနိုင်ကြောင်း သိရသည်။

ဘွဲ့တံဆိပ်တော်ရဆရာတော် ပူဇော်ပွဲ

ဧရာဝတီတိုင်း ကျုံမငေးမြို့နယ် အုန်းပင်ဘက်စက်ရုံဓမ္မရိပ်သာမှ အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တသုမနအရှင်သူမြတ်အား (၁၃၆၈ခုနှစ် တပေါင်းလဆန်း ၁၀ရက်) ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈နာရီတွင် အမှတ် ၅၇ လှည်းတန်းလမ်း လမ်းမတော်မြို့နယ် ကျုံမငေးအသင်း၌ ပူဇော်ပွဲကျင်းပမည် ဖြစ်သည်။

မြတ်ဆရာ ပူဇော်မည်

ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၆၉–၇၅)ပညာသင်နှစ်တွင် တက်ရောက်ခဲ့ကြသော မြို့ပြအင်ဂျင်နီယာ ကျောင်းသူ ကျောင်းသားများ၏ မြတ်ဆရာ ပူဇော်ပွဲကို မတ် ၂ရက်(သောကြာနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန် တက္ကသိုလ်ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ အလှူငွေထည့် ဝင်လိုပါက ဦးကျော်ဝင်း ဖုန်း–၀၆၇–၄၀၇၀၆၈၊ ဦးသန်း ဖုန်း–၀၁–၅၂၄၆၂၅ နှင့် ဦးခင်လတ် ဖုန်း– ၀၁–၂၅၃၂၀၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာ၌ စာအုပ်ပြပွဲကျင်းပ

စစ်ကိုင်းတိုင်း ပုလဲမြို့နယ် မင်းတိုင်ပင်ကျေးရွာ ကျေးလက်ခန်းမတွင် ဇန်နဝါရီ၁၆ရက်က စာအုပ်ပြပွဲကျင်းပရာ အခမ်းအနားတွင် မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဒေါ်သောင်းသောင်းဝင်းက စာအုပ်ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းပြပြီး မင်းတိုင်ပင်ရုံးခွဲ ဦးစီးမှူး ဦးတင့်ဆွေက စာအုပ်လှူဒါန်းရရှိမှုကို ရှင်းလင်းပြောကြားခဲ့သည်။

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

မကွေးတိုင်း တိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ ပူးပေါင်း၍ ဖေဖော်ဝါရီ ၃ရက်က မကွေးမြို့ မြို့ရှောင်လမ်းဘေး ဝဲယာတစ်လျှောက်တွင် ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

စာကြည့်တိုက်လုပ်ငန်း အလုပ်ရုံဆွေးနွေး

စစ်ကိုင်းတိုင်း တမူးမြို့နယ်ခမိတ်ကျေးရွာတွင် ဇန်နဝါရီ ၃၀ရက်က စာကြည့်တိုက်လုပ်ငန်း အလုပ်ရုံ ဆွေးနွေးပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးအောင်ခင်နှင့်ဝန်ထမ်းများက စာကြည့်တိုက်လုပ်ငန်းအကြောင်းကို စာတွေ့၊ လက်တွေ့ ရှင်းလင်းဆွေးနွေးပြီး စာအုပ် ၇၅၂အုပ်ကို ကျေးရွာစာကြည့်တိုက်များသို့ လှူဒါန်းကြသည်။ အလုပ်ရုံဆွေးနွေးပွဲသို့ တမူးမြို့နယ်အတွင်းရှိ ခမိတ်၊ အလှော်၊ ပွတ်သာ၊ အင်ဒိုင်း၊ ထန်းတပင်ကျေးရွာများမှစာကြည့်တိုက်ကော်မတီဝင်များတက်ရောက်ကြသည်။

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေး

ရန်ကုန် အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသန်းနှင့် စာကြည့်တိုက်မှူး ဒေါ်နုနုရီတို့သည် မြို့နယ်အတွင်း ရပ်ကွက် ၁၁ခုရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ဇန်နဝါရီ ၂၅ရက်မှ ဖေဖော်ဝါရီ ၈ရက်အထိ သွားရောက်ပြီး စာကြည့်တိုက်များ ရေရှည် တည်တံ့ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြေခင်းအလှ ပြုပြင်

စစ်ကိုင်းတိုင်း မော်လိုက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် မြေခင်း အလှပြုပြင်ခြင်း လုပ်ငန်းကို ဖေဖော်ဝါရီ ၂ရက်က ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ရာ အမှုဆောင် အရာရှိ ဦးရဲထွဋ်က ကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း၏ အွန်လိုင်းဆိုင်ရာ သရုပ်ပြရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း၏ e-Government ဆိုင်ရာဆောင်ရွက်ချက်များနှင့် On-line Booking Service သရုပ်ပြရှင်းလင်းပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်ငြိမ်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာနယ်ဇင်း အသီးသီးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြောကြား

ရှေးဦးစွာ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်ငြိမ်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ရှင်းလင်း

ထို့နောက် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း e-Government ဆိုင်ရာဆောင်ရွက်ချက်များနှင့် On-line Booking Service ဝန်ဆောင်ပေးမည့် အစီအစဉ်များကို မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း ဒုတိယ စာရင်းကိုင်ချုပ် ဦးတင့်အောင်က ပါဝါပွိုင့်ဖြင့် လက်တွေ့သရုပ်ပြ ရှင်းလင်းတင်ပြသည်။

လက်တွေ့အသုံးပြု

ဆက်လက်၍ တက်ရောက်လာကြသည့် ကွန်တိန်နာပို့ဆောင်ရေး ကုမ္ပဏီများက On-line Booking Service ကို လက်တွေ့အသုံးပြု ရယူခြင်းကို ဆောင်ရွက်ကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စက်မှု(၁) ဈေးရောင်းပွဲတော်

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ၈ရက်က မန္တလေးတိုင်း ကျောက်ဆည်မြို့ စုကြီးရပ်ကွက် လေးမျက်နှာဘုရားကွင်းတွင် ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် ကျောက်ဆည်ဘိလပ်မြေ စက်ရုံမှူး ဦးစိုးတင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၂၈ရက်အထိ ကျင်းပမည်ဖြစ်သည်။

ချည်ထည်အတတ်ပညာနှင့် စက်ရက်ကန်းသင်တန်းဆင်း

မန္တလေးတိုင်း အမရပူရမြို့နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဆောင်းဒါးရက်ကန်းကျောင်းတွင် ဇန်နဝါရီ ၂၁ရက်က ချည်မျှင်အထည် အတတ်ပညာ ခြောက်လအထူးသင်တန်းနှင့် စက်ရက်ကန်းမောင်းခြင်း၊ ပြင်ခြင်း သုံးလ သင်တန်းဆင်းပွဲကိုကျင်းပခဲ့ပြီး သင်တန်းသို့ ချည်မျှင်အထည်စက်ရုံနှင့် ဆေးဆိုးပန်းရိုက်စက်ရုံတို့မှ ဝန်ထမ်း ၃၃ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ပဲနှမ်းကုန်သည်များ နှစ်ပတ်လည်စည်းဝေးမည်

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များ အသင်း၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower၌ ကျင်းပပြီး ပဲမျိုးစုံနှင့် နှမ်းစိုက်ပျိုး ထုတ်လုပ်တင်ပို့ရေး အလုပ်ရုံဆွေးနွေးပွဲကို ပူးတွဲကျင်းပမည် ဖြစ်သည်။

ရေစုကန် တည်ဆောက်

ကချင်ပြည်နယ် ဆော့လော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်း ရေပေးဝေရေး လုပ်ငန်းအတွက် ရေစုကန်ကို တည်ဆောက်လျက်ရှိရာ ဖေဖော်ဝါရီ ၈ရက်က အမှုဆောင်အရာရှိ ဦးတင်မောင်ထွေး၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဝင်းစိုးဦးတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

ဖူလ်ဟမ်ကို အနိုင်ရယူဦးမည့် မန်ယူ အကြိတ်အနယ်နွှဲရမည့် မန်စီးတီးနှင့် ချယ်လ်ဆီး

ပရီမီယာလိဂ်ပွဲစဉ်(၂၈)သုံးသပ်ချက်

စုစည်းတင်ပြသူ-မောင်ချစ်ကြည်

အက်ဖ်အေ ဖလားနှင့် ချန်ပီယံလိဂ် ပွဲစဉ်များ ဆက်တိုက်ဆင်နွှဲနေရသော ပရီမီယာလိဂ်အသင်းကြီးများ လာမည့် ဖေဖော်ဝါရီ ၂၄ ရက်၌ ပရီမီယာလိဂ်ပွဲစဉ်(၂၈)ကို ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ရာ အကြိတ်အနယ်ပွဲစဉ်များ ကြုံတွေ့ရပြန်ပြီဖြစ်သည်။

အတိမ်းအစောင်းမခံသည့်ပွဲများကို ရက်ပိုင်းအတွင်း မပြတ်တမ်းကစားနေရသဖြင့် ပွဲပန်းနေကြသော်လည်း ကစားအားချ၍မရသည့် ပွဲများချည်းဖြစ်နေရာ ပရီမီယာလိဂ်ပွဲစဉ်(၂၈)သည်လည်း မျှော်လင့်မထားသောရလဒ်များဖြင့် ပရိသတ်စိတ်အာရုံကို လွှမ်းမိုးနိုင်စွမ်းရှိနေမည်ဖြစ်သည်။

ဖူလ်ဟမ်နှင့် မန်ယူ

ခြေတက်နေသောမန်ယူကို ဖူလ်ဟမ်တို့ အိမ်ကွင်းဖြစ်သော်လည်း အနိုင်မရနိုင်ချေ။ မနှစ်က ဖူလ်ဟမ်ကွင်း၌ မန်ယူတို့ သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ဖူးသည့် မှတ်တမ်းရှိနေသည်။ ဖူလ်ဟမ်တွင် မက်ဒရစ်နှင့် ဘိုကာနေဂရာတို့



မန်ယူ ကွင်းလယ်ကစားသမား မိုက်ကယ်ကာရစ်။
(ဓာတ်ပုံ-အင်တာနက်)

ထုတ်သုံးလျှင် အတွဲညီပြီး ဂိုးသွင်းခွင့်ရအောင် စွမ်းဆောင်နိုင်ကြမည်ဖြစ်သော်လည်း သိပ်သည်းကျစ်လျစ်နေသော မန်ယူခံစစ်မှူးများကို ကျော်လွှားဂိုးသွင်းရန် မလွယ်ကူချေ။

အဝင်အထွက်ကြမ်းသော မန်ယူခံစစ်မှူး ဗီဒစ်ကြောင့် ဖူလ်ဟမ်တို့ အလွတ်တည်ကန်ဘောများ ရရှိသွားနိုင်ပြီး ဂိုးသွင်းခွင့်ရရှိရန် အခွင့်အရေးများဖြစ်ပေါ်နိုင်ရာ မန်ယူနည်းပြဖာဂူဆန်၏ အစီအမံသည် အရေးကြီးနေသည်။

သို့သော် ပရီမီယာလိဂ်ဖလားကို ရယူရန်လက်တစ်ကမ်းအကွာသို့ ရောက်နေပြီဖြစ်သော မန်ယူတို့ နိုင်ပွဲများရအောင် ကစားတော့မည်ဖြစ်ရာ ဖူလ်ဟမ်တို့ မန်ယူတိုက်စစ်ကိုသာ ဟန့်တားရန် ကြိုးစားရမည့်အနေအထားရှိသည်။ ဖူလ်ဟမ်ကို ပထမအကျော့ ပရီမီယာလိဂ်ပွဲစဉ်အဖြစ် အိုးထရက်ဖို့ဒ်၌ ငါးဂိုး-တစ်ဂိုးဖြင့် မန်ယူတို့ ပြတ်ပြတ်သားသားအနိုင်ရခဲ့သည့်ရလဒ်က ဖူလ်ဟမ်ကို ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်နေဆဲရှိရာ မန်ယူတို့ စိတ်ဓာတ်မြင့်မားစွာဖြင့် ဖူလ်ဟမ်ကို ပညာထပ်ပေးမည့်ပွဲပင်ဖြစ်သည်။ မန်ယူတို့ ဂိုးမပြတ်နိုင်သော်လည်း အနိုင်ပွဲကလွဲပြီး အခြားရလဒ် မရှိပါချေ။

မန်စီးတီးနှင့် ချယ်လ်ဆီး

အိမ်ကွင်း၌ အာဆင်နယ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ကစားခဲ့သောခြေစွမ်း မန်စီးတီးတို့ ပြန်ရလျှင် ချယ်လ်ဆီးနည်းပြ မော်ရင်ဟို ရင်ခံနိုင်စရာပွဲအဖြစ် ကြုံတွေ့ရဖွယ်ရှိသည်။ မန်စီးတီးနည်းပြ စတီးဝပ်ပီးယာစ်သည် ဒါဘို၊ ကော်ရာဒီ၊ ဒက်ကော့နှင့် ဘာတွန်တို့အုပ်စုကို ပွဲထုတ်လျှင် ခံစစ်၊ တိုက်စစ်မျှအောင် ကစားနိုင်သူများဖြစ်သဖြင့် မော်ရင်ဟိုကို အကျပ်တွေ့စေမည်မှာ သေချာသည်။

ပရီမီယာလိဂ် ပထမအကျော့ပွဲစဉ်၌ ချယ်လ်ဆီးတို့က အိမ်ကွင်း၌ မန်စီးတီးကို သုံးဂိုးပြတ်ဖြင့် သင်ခန်းစာပေးခဲ့ရာ ယခုပွဲ၌ ယင်းရလဒ်ကို မော်ရင်ဟို ပြန်မျှော်မှန်း၍ မရနိုင်ချေ။ မန်စီးတီး၏ နောက်ပိုင်းကစားကွက်မှာ စုစည်းမှုနှင့် နားလည်မှု ပိုမိုရလာလျက်ရှိရာ ချယ်လ်ဆီးတို့ ဖိဖိစီးစီး မကစားပါက မမျှော်လင့်သောရလဒ်များ ရရှိသွားနိုင်သည်။

ချယ်လ်ဆီးတွင် ရှက်ဗ်ချင်ကိုနှင့် ဒရော့ဘာအတွဲက ပွဲတိုင်း ဂိုးသွင်းနိုင်သဖြင့် ၎င်းတို့အားကိုးဖြင့် မော်ရင်ဟိုက မန်စီးတီးထံမှ သုံးမှတ်အပြည့်ရရန် ကြိုးစားမည်ဖြစ်ရာ အကြိတ်အနယ်ပွဲပင်ဖြစ်သည်။ ချယ်လ်ဆီးတို့ နိုင်ပွဲရမှတ်များလိုနေရာ ယခုပွဲ အနိုင်ရအောင်ကစားမည်မှာ သေချာသော်လည်း သရေလည်းဖြစ်သွားနိုင်သည်။

ဗီလာနှင့် အာဆင်နယ်

ပထမအကျော့ ပရီမီယာလိဂ်ပွဲစဉ် အာဆင်နယ်ကွင်း၌ တစ်ဂိုးစီသရေကစားခဲ့သဖြင့် ဗီလာကွင်း၌ အာဆင်နယ်တို့ အနိုင်ရရန် တော်ရုံကြိုးစား၍မရနိုင်။ ပြီးခဲ့သည့်နှစ်က အာဆင်နယ်ကွင်း၌ ဗီလာနှင့် ကစားခဲ့ရာတွင်လည်း ဂိုးမရှိသရေကျခဲ့သဖြင့် အာစင်ဝင်းဂါးအတွက် ရင်ပူစရာပွဲပင်ဖြစ်သည်။

ဗီလာနည်းပြ မာတင်အိုးနေးလ်သည် အာဆင်နယ်အားမည်သို့ကစားရမည်ကို သိထားသူဖြစ်နေရာ မဲလ်ဘတ်၊ ဟင်ဒရီနှင့် အိန်ဂျယ်တို့ကို စနစ်တကျညွှန်ကြားကာ ထိုးဖောက်ကစားနိုင်မည်မှာ သေချာသည်။ ယခုနှစ် ပထမအကျော့ပွဲစဉ်၌ ၅၂ မိနစ်တွင် မဲလ်ဘတ်၏ ဖွင့်ဆော်ဦးအဖွင့်ဂိုးသွင်းယူခံခဲ့ရမှုကို အာစင်ဝင်းဂါးခံပြင်းခဲ့ရာ အဝေးကွင်းဖြစ်သော်လည်း အထိုင်တိုက်စစ်ဖြင့် ကစားမည်ဟု စကားဦးသန်းခဲ့၍ တိုက်စစ်တွင် အွန်နရီကို အထောင်ထားကာ တိုက်စစ်ဆင်ကစားမည်ဖြစ်သည်။ ယခုပွဲ အဖြစ်နိုင်ဆုံးရလဒ်မှာ သရေ၊ အကြိုက်မှာ အာဆင်နယ်ဖြစ်သည်။

လီဗာပူးနှင့် ရှက်ဖီး

တန်းဆင်းဇုန်မှ လွတ်ကင်းအောင် ကြိုးစားခဲ့သော ရှက်ဖီးကို လီဗာပူးတို့ သေသေချာချာကစားမှ ရမည်ဖြစ်သည်။ ရှက်ဖီး၏အားနည်းချက်မှာ အဝေးကွင်းရလဒ်မကောင်းသည်ဖြစ်ရာ အဝေးကွင်း၌ကစားတိုင်း ခြေပျက်နေတတ်သည်။ သို့သော် ပထမအကျော့ပွဲစဉ်အဖြစ် ရှက်ဖီးကွင်း၌ လီဗာပူးကို တစ်ဂိုးစီသရေကစားခဲ့ရာ ဘင်နီတက်ဖ် ရှက်ဖီးကို လျှော့တွက်မည်မဟုတ်ပါချေ။

ဘင်နီတက်ဖ်အတွက် ရော်ဘီဖောင်လာနှင့် ဆစ်ဆိုကိုတို့က ဂိုးသွင်းနိုင်ကြသူများဖြစ်ရာ ယခုပွဲ အိမ်ကွင်း၌ ရှက်ဖီးကို နိုင်ပွဲရအောင်ကစားမည်ဖြစ်သည်။ ဘင်နီတက်ဖ်အတွက် ရမှတ်များလိုအပ်နေရာ အိမ်ကွင်း နိုင်ပွဲဆက်တိုက်ရနေသည့် မှတ်တမ်း ဆက်လက်ထိန်းသိမ်းနိုင်မည့်ပွဲပင်ဖြစ်သည်။ လီဗာပူးအနိုင်ကလွဲပြီး အခြားရလဒ်မဖြစ်နိုင်ချေ။

အာဆင်နယ် ကွင်းလယ်ကစားသမား ရိုဆစ်စကီး။
(ဓာတ်ပုံ-အင်တာနက်)

ဘလက်ဘန်းနှင့် ပို့စ်မောက်

ကနူးနှင့် တိုဒိုရော့ဗ်တို့ ခြေပေါ်လျှင် ပို့စ်မောက်တို့ အဝေးကွင်းဖြစ်သော်လည်း အနိုင်ရသွားဖွယ်ရှိသည်။ ပို့စ်မောက်နည်းပြ ဟယ်ရီရက်နက်က ပထမအကျော့ အိမ်ကွင်း၌ သုံးဂိုးပြတ်ဖြင့် ဘလက်ဘန်းကို အနိုင်ယူခဲ့သည့်အတိုင်း ယခုပွဲ၌လည်း အနိုင်ကစားမည်ဟုဆိုထားရာ မည်သည့်ဗျူဟာဖြင့် အနိုင်ယူမည်ကို ကြည့်ရမည်ဖြစ်သည်။

သို့သော် ဘလက်ဘန်း၏တိုက်စစ်သည် ပို့စ်မောက်ကို ယှဉ်နိုင်သည့်အပြင် မက်ကာသေးနှင့် ပီဒါဆင်တို့ အချိတ်အဆက်မိမိ ကစားနိုင်လျှင် ပို့စ်မောက်နောက်တန်းကို ထိုးဖောက် ဂိုးသွင်းနိုင်မည်ဖြစ်ရာ ဘလက်ဘန်းနည်းပြ၏ အစွမ်းကို ကြည့်ရမည်ဖြစ်သည်။ မနှစ်က ဘလက်ဘန်းကွင်း၌ ပို့စ်မောက်ကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ယူထားခဲ့သည်ဖြစ်ရာ ယင်းရလဒ်ကို ပို့စ်မောက်နည်းပြ ဟယ်ရီရက်နက် မည်သို့ချေဖျက်နိုင်ခြင်းရှိ မရှိကလည်း စိတ်ဝင်စားစရာဖြစ်နေသည်။ ယခုပွဲ၌ ဘလက်ဘန်းတို့ နိုင်ပွဲရသွားနိုင်သည်။

ချာလ်တန်နှင့် ဝက်စ်ဟမ်း

ချာလ်တန်တို့ မနှစ်က နှစ်ဂိုးပြတ်ဖြင့် ဝက်စ်ဟမ်းကို အနိုင်ယူခဲ့သော်လည်း ယခုနှစ်၌ လက်ရှိခြေစွမ်းဖြင့် မလွယ်ကူချေ။ ယခုနှစ်တွင် ချာလ်တန်ခြေစွမ်းသည် တည်မရအောင် ပျက်လျက်ရှိရာ အိမ်ကွင်း၊ အဝေးကွင်း ရှုံးပွဲများနေသည်။

ဝက်စ်ဟမ်း၏ ဇာမိုရာ၊ ကိုးလ်၊ ဟာရီဝုဒ်တို့က အပေါ်အောက် ကစားနိုင်ကြသူများဖြစ်ရာ ဒါရင်ဘင့်တစ်ဦးသာ ခြေစွမ်းရှိသော ချာလ်တန်ကို အနိုင်ကစားမည်သာဖြစ်သည်။ ဝက်စ်ဟမ်းနည်းပြ အလန်ကာဘစ်ရှ်လေကလည်း အခင်းအကျင်းကောင်းသူဖြစ်ရာ ယခုပွဲ အဝေးကွင်းဖြစ်သော်လည်း ဝက်စ်ဟမ်းတို့ အနိုင်ရမည့်ပွဲပင်ဖြစ်သည်။

မစ်ဒယ်ဘရော့နှင့် ရက်ဒင်း

ခြေတက်နေသော ရက်ဒင်းကို မစ်ဒယ်ဘရော့တို့ အိမ်ကွင်း၌ သေသေချာချာပြင်ဆင်ကစားမှ ရမည်ဖြစ်သည်။ သို့သော် လူသစ်တန်း ရက်ဒင်းသည် ခြေစွာလွန်းလှသည်ဖြစ်ရာ ချယ်လ်ဆီး၊ မန်ယူတို့ကဲ့သို့သော အသင်းကြီးများကိုပင် ခြေရည်တူကစားပြီး သရေပွဲရအောင် ခြေစွမ်းပြကစားနိုင်ခဲ့မှုက မစ်ဒယ်ဘရော့ကိုပင် ရှို့စေမည်ဖြစ်သည်။

ရက်ဒင်းတွင် ဆစ်ဝဲလ်၊ လီတာနှင့် ကစ်ဆင်တို့က ဂိုးသွင်းနိုင်ကြသူများဖြစ်သလို ဘောလုံးကို နောက်တန်းအထိ ဆင်းယူကစားနိုင်သူများဖြစ်ရာ နေရာစုံကစားနိုင်ကြသည်။ မစ်ဒယ်ဘရော့တွင်လည်း ဒေါင်းနင်း၊ ယာကူဘူနှင့် ဗီဒူကာတို့ကလည်း အစွမ်းထက်သူများဖြစ်နေရာ ယခုပွဲ ကြည့်ကောင်းမည့်ပွဲပင်ဖြစ်သည်။ ပထမအကျော့ အိမ်ကွင်း၌ ရက်ဒင်းတို့က သုံးဂိုး-နှစ်ဂိုးဖြင့် မစ်ဒယ်ဘရော့တို့ကို ချွေးသိပ်လွှတ်လိုက်သည်ဖြစ်ရာ မစ်ဒယ်ဘရော့နည်းပြ ဆောက်ဂိတ် မည်သို့အကြွေးပြန်ဆပ်နိုင်မည်ကို ကြည့်ရမည်ဖြစ်သည်။ မစ်ဒယ်ဘရော့တို့၏ အိမ်ကွင်းမာကျောမှုကို ထည့်တွက်လျှင် ယခုပွဲ သရေကျသွားနိုင်သည့်ရလဒ်မှာ ရာနှုန်းများနေသည်။

စပါးနှင့် ဘော်လ်တန်

ဒေးဗစ်နှင့် ကမ်ပိုတို့ကြောင့် ဘော်လ်တန်တို့ ကစားကွက်မြိုင်နေသလို ရလဒ်လည်းကောင်းနေသည်။ ဘော်လ်တန်နည်းပြ ဆမ်အလာဒိုက်က စပါးကို အနိုင်ကစားပြီး သုံးမှတ်အပြည့်ယူမည်ဟု ကြုံးဝါးထားသော်လည်း လက်တွေ့၌ မလွယ်ချေ။

စပါးနည်းပြ မာတင်ဂျိုးက လူအခင်းအကျင်းနှင့် အချိန်ကို အစားထိုးမှုတွင် ထိရောက်မှုရှိအောင် လုပ်နိုင်သူဖြစ်ရာ ဘော်လ်တန်ကို အိမ်ကွင်း၌ ကောင်းကောင်းဧည့်ခံမည်ဖြစ်သည်။ စပါးတွင် ဘာဘာတော့ဗ်နှင့် ဂျီးနက်စ်တို့ ဂိုးသွင်းခြေတက်နေချိန်ဖြစ်ရာ ဘော်လ်တန်တို့ စပါးကို အလွယ်တကူ အနိုင်မရချေ။ မနှစ်က စပါးကွင်း၌ ဘော်လ်တန်ကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ယူခဲ့သည့် မှတ်တမ်းလည်းရှိနေရာ ယခုပွဲ၌ စပါးကို ပိုနှစ်သက်သည်။ သရေသို့မဟုတ် စပါးအနိုင်ရမည့်ပွဲပင်ဖြစ်သည်။

ဝက်ဖို့ဒ်နှင့် အဲဗာတန်

လက်ရှိအနေအထားဖြင့် အဲဗာတန်ကို ဝက်ဖို့ဒ်တို့ မယှဉ်နိုင်။ အဲဗာတန်တွင် ဂျွန်ဆင်၊ ဘီတီနှင့် အာတီတာတို့က အားကိုးရသည့် ကစားသမားဖြစ်ရာ ဝက်ဖို့ဒ်ခံစစ်မှူးများကို ကျော်ဖြတ်ဂိုးသွင်းနိုင်ကြသူများဖြစ်သည်။

ဝက်ဖို့ဒ်နှင့် အဲဗာတန်တို့ ယခုနှစ်မှဆုံခဲ့ဖူးသော်လည်း ပထမအကျော့ အဲဗာတန်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် ဝက်ဖို့ဒ်ကို အနိုင်ယူထားခဲ့သည်ဖြစ်ရာ ယခုပွဲ၌လည်း အဲဗာတန် နိုင်ပွဲမှလွဲပြီး သရေနှင့် အရှုံးမရှိနိုင်သည့်ပွဲပင်ဖြစ်သည်။

ချယ်လ်ဆီးတိုက်စစ်မှူး ရှက်ဗ်ချင်ကို၏ ထိုးဖောက်ကစားဟန်။
(ဓာတ်ပုံ-အင်တာနက်)

ဝီဂန်နှင့် နယူးကာဆယ်

ပထမအကျော့ပွဲစဉ်၌ နယူးကာဆယ်တို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း ယခုပွဲ၌ ဝီဂန်ကွင်းတွင် အကြိတ်အနယ်နွှဲရတော့မည်ဖြစ်သည်။ နယူးကာဆယ်တို့က ခြေတက်လာသော်လည်း အဝေးကွင်း၌ တစ်ဖက်အသင်း ကစားကွက်တွင် မျောသွားတတ်သည်ဖြစ်ရာ နယူးကာဆယ်နည်းပြ ဂလင်းရိုဒါ သတိထားပြင်ဆင်စရာဖြစ်သည်။ ဝီဂန်သည် အိမ်ကွင်း၌ အနိုင်ရအောင်ကစားတတ်သည်ဖြစ်ရာ ယခုပွဲ ခြေရည်တူသဖြင့် သရေပွဲလည်း ဖြစ်သွားနိုင်သလို အနိုင်ရလျှင်လည်း ဝီဂန်တို့ အလေးသာနိုင်သည်။ ။ **(မြန်မာ့အလင်း)**

လန်ဒန် ဖေဖော်ဝါရီ ၂၂

ချန်ပီယံလိဂ်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်၊ လီဗာပူးတို့နိုင်ပွဲရပြီး ကျန်အသင်းများ သရေပွဲကြုံ

ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ရှုံးထွက် ပထမအကျော့ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၁ ရက်က ဆက်လက်ကစားရာ ပေါ်တိုနှင့် ချယ်လ်ဆီး၊ အင်တာမီလန်နှင့် ဗလင်စီယာ၊ ရိုးမားနှင့် လိုင်ယွန်တို့ သရေပွဲဖြစ်ခဲ့ကြပြီး လီဗာပူးက ဘာစီလိုနာကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပေါ်တိုနှင့် ချယ်လ်ဆီး

အဝေးကွင်း ဖြစ်သော်လည်း ချယ်လ်ဆီးတို့ ဘောလုံးပိုင်ဆိုင်မှု များများဖြင့် ထိုးဖောက်ကစားနိုင်ခဲ့သည်။ ချယ်လ်ဆီးသည် ရှက်ဗ်ချင်ကို၊ ဒရော့ဘာ၊မက်ခီလီလီ၊လမ်းပတ်၊အက်ဆီယန်နှင့် တယ်ရီတို့အုပ်စု အကုန်ထည့်သွင်းကစားခဲ့သော်လည်း အိမ်ရှင်ပေါ်တို၏ အဖွင့်ဂိုးသွင်းယူမှုကို ခံခဲ့ရသည်။

တစ်ဂိုးစီ

ပေါ်တိုအတွက် အဖွင့်ဂိုးကို ပွဲချိန် ၁၂ မိနစ်၌ ကွင်းလယ်ကစားသမား မီရီလက်စ် သွင်းယူပေးခဲ့သည်။ ချယ်လ်ဆီးအတွက် ချေပဂိုးကို ပွဲချိန် ၁၆ မိနစ်၌ ရှက်ဗ်ချင်ကိုက သွင်းယူခဲ့သဖြင့် တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။

အင်တာမီလန်နှင့် ဗလင်စီယာ

အင်တာမီလန်ကို ဗလင်စီယာတို့ သရေပွဲဖြစ်အောင် အကြိတ်အနယ်ကစားခဲ့ရသည်။ အင်တာမီလန် တိုက်စစ်တွင် အီဘရာဟင်မိုဗစ်၊ ခရက်စပိုနှင့် စတန်ကိုဗစ်တို့က ဗလင်စီယာ နောက်တန်းကို ခြိမ်းခြောက်နိုင်ခဲ့ပြီး ပွဲချိန် ၂၈ မိနစ်၌ အင်တာမီလန် ကွင်းလယ်ကစားသမား ကမ်ဘီယာဆိုက အဖွင့်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ဗလင်စီယာအတွက် ချေပဂိုးကို ၆၄ မိနစ်၌ ဒေးဗစ်ဗီလာက သွင်းယူခဲ့သော်လည်း မာရီကွန်က ၇၆ မိနစ်တွင် အင်တာမီလန်အတွက် ဒုတိယဂိုး သွင်းယူပေးခဲ့သည်။ ဗလင်စီယာအတွက် ချေပဂိုးကို ၈၆ မိနစ်၌ ဒေးဗစ်ဆီလ်ဗားက သွင်းယူခဲ့သဖြင့် နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရသည်။

ရိုးမားနှင့် လိုင်ယွန်

ရိုးမားတိုက်စစ်မှူး တော့တီ၊ တိုနေတိုတို့ ဆန္ဒစောနေမှုကြောင့် ဂိုးပေါက်လွဲကာ ဂိုးမရရှိခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် အပိုင်ကန်သွင်းမှုများကိုလည်း ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ချေ။

ထို့အတူ လိုင်ယွန်မှ တိုက်စစ်မှူး ဖရက်ဒ်နှင့် ရိုဗောတို့ကလည်း ရိုးမား နောက်တန်းကို ဖြတ်ကျော်နိုင်သော်လည်း အဆုံးသတ် မကောင်းခဲ့သဖြင့် ဂိုးများမရရှိခဲ့ခြင်း ဖြစ်သည်။ နှစ်သင်းစလုံး အထိုင်တိုက်စစ်ဖြင့် ကစားသွားခဲ့သဖြင့် ဂိုးမရရှိဘဲ သရေပွဲဖြစ်ခဲ့ရသည်။

ဘာစီလိုနာနှင့် လီဗာပူး

ဘာစီလိုနာအတွက် ဒေကိုက ပွဲချိန် ၁၄ မိနစ်၌ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း လီဗာပူးတို့ တည်တည်ငြိမ်ငြိမ်နှင့် တုံ့ပြန်ကစားနိုင်ခဲ့သဖြင့် ဘယ်လာမီက ၄၃ မိနစ်တွင် ချေပဂိုးသွင်းယူနိုင်ခဲ့သည်။

လီဗာပူးအတွက် အနိုင်ဂိုးကို ၇၄ မိနစ်၌ ရစ်စီက သွင်းယူပေးခဲ့သဖြင့် အဝေးကွင်း၌ လီဗာပူးတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ။ **(အင်တာနက်)**

ကိုးကားတင်ပြသူ-မြင့်မောင်စိုး

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

မြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု ဇီဝဗေဒဘာသာ သင်ခန်းစာများကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်တန်း
ဇီဝဗေဒဘာသာ သိမှတ်ဖွယ်ရာ

အခုအချိန်မှာ စာသင်နှစ် (၂၀၀၆-၂၀၀၇) ဇီဝဗေဒဘာသာရပ်ယူ ကျောင်းသား၊ ကျောင်းသူများဟာ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြဖို့ ပြင်ဆင်နေပြီးဖြစ်မယ်လို့ ယုံကြည်ပါတယ်။ အခုပို့ချမယ့် သင်ခန်းစာကတော့ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြတဲ့အခါ အထောက်အကူပြု လမ်းညွှန်သွားပေးမယ့် သင်ခန်းစာပဲ ဖြစ်ပါတယ်။

ဇီဝဗေဒဘာသာရပ် သင်ကြားနေကြတဲ့ ကျောင်းသားကျောင်းသူများ အဓိက သဘောပေါက် နားလည်ထားရမှာကတော့ Grade 11 Biology ဖတ်စာအုပ်မှာပါတဲ့ Chapter 1 to 12 မှာ ပါရှိတဲ့ အကြောင်းအရာအားလုံးကို ကြေညက်အောင် သိရှိတတ်မြောက်ထားဖို့ အရေးကြီးဆုံးဖြစ်ပါတယ်။ သင်ရိုးကုန်မကျက်ဘဲ မိမိအနေနဲ့ ကြိုက်သလို ရွေးချယ်ကျက်ထားမယ်ဆိုရင် အောင်မှတ်ရဖို့ပင် လွယ်ကူလိမ့်မည် မဟုတ်ပါ။ ဒီ့အပြင် အကြောင်းအရာမှ ကောက်နုတ်မေးထားတဲ့ မေးခွန်းမျိုးတို့ကို ဖြေဆိုနိုင်ကြမှာ မဟုတ်ပါဘူး။

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြတဲ့အခါ အဆင်သင့် ဖြစ်စေဖို့အတွက် မေးခွန်းဟောင်းများကို လေ့လာကြဖို့လည်း လိုအပ်ပါတယ်။ မေးခွန်းဟောင်းများကို လေ့လာဖို့ တိုက်တွန်းတာကတော့ မေးခဲ့တဲ့ မေးခွန်းများဟာ တိုက်ရိုက်ပါတာနည်းပြီး တွေးတောဖြေဆိုရမယ့် မေးခွန်းများ ပိုပါတယ်ဆိုတာ သဘောပေါက်နားလည်ကြစေလို၍ ဖြစ်ပါတယ်။ မေးခွန်းအသွားအလာကို နားမလည်ဘူးဆိုရင် ပေးထားတဲ့အကြောင်းအရာဟာ မိမိကျက်မှတ်ထားတဲ့ အကြောင်းအရာဖြစ်ပေမယ့် ဘယ်လိုဖြေရမယ်ဆိုတာ နားလည်မှာမဟုတ်ဘူး။ ဇီဝဗေဒကို ထူးချွန်စွာ အောင်မြင်ဖို့ဆိုတာ Biology ဖတ်စာအုပ်ပါ Chapter (12) ခုလုံးကို ကြေညက်နိုင်မှ ထူးချွန်အောင်မြင်စွာ ဖြေဆိုနိုင်မှာဖြစ်တယ်။

မေးခွန်းဟောင်းပုံစံကို လေ့လာကြမယ်ဆိုရင်-

1. True/False
2. Completion
3. Short Questions (2 Marks)
4. Short Questions (4 Marks)
5. Long Questions (8 Marks) စသည်တို့ဖြင့် သတ်မှတ်ထားတယ်။

မေးခွန်းတစ်ခုစီမှာသတ်မှတ်ထားတဲ့ အမှတ်အနေနဲ့ကြည့်မယ်ဆိုရင်-

No.1 Ture/False အမျိုးအစားမှာ(20)Statements(1)mark for each statement(20 marks)

No.2 Completion အမျိုးအစားမှာ(20)Statements(1)mark for each statement(20 marks)

No.3 Short Questions(2 marks for each)-a to f ၆ပုဒ် ပေးထားပြီး Answer All question လို့ ဖော်ပြထားတာကြောင့် (၆)ပုဒ် စလုံးဖြေဆိုရမယ်။ (2x6=12)

No.4 Short Questions (4 marks for ecach)-a to e (၅)ပုဒ်ပေးထားတယ်။ Answer ANY FOUR question လို့ဖော်ပြထားတယ်။ တစ်နည်းအားဖြင့် (၅)ပုဒ်ပေးထားတဲ့ အနက်(၄)ပုဒ် ဖြေဆိုရမယ်-(4x4=16marks)

No.5 Long Questions (8 marks for each)-a to f (၆)ပုဒ် ပေးထားတယ်။ ဒီ No.5 မှာလည်း Answer ANY FOUR question လို့ ဖော်ပြထားတာကြောင့် မိမိကြိုက်နှစ်သက်ရာ (၄)ပုဒ်ပဲ ဖြေဆိုဖို့လိုအပ်တယ်။ (4x8=32 marks)

မေးခွန်းနံပါတ် 1,2 and 3 မှာတော့ အားလုံးဖြေဆိုရမယ်။ No.4 and No.5 မှာတော့ ရွေးချယ်ပိုင်ခွင့်ရတယ်။ နံပါတ် 1 and 2 ကတော့ လုံးဝရွေးချယ်ပိုင်ခွင့်မရှိဘူး။ No.3 ကျတော့ အားလုံးဖြေဆိုရမယ်ဆိုပေမယ့် သို့မဟုတ် (OR)ခံထားတဲ့ အမျိုးအစားတွေပါတော့ ရွေးဖို့အခွင့်အရေးရှိတယ်လို့ ပြောနိုင်သေးတယ်။ ရွေးချယ်ပိုင်ခွင့်ရှိတဲ့ မေးခွန်းနံပါတ် 4 and 5 မှာလည်း (OR) ခံထားတဲ့ မေးခွန်းမျိုးတွေပါသေးတာကြောင့် ရွေးချယ်နိုင်တဲ့ အခွင့်အရေးတွေ ပိုမိုပြီးရှိတယ်။ သင်ရိုးကုန်ကြေညက်အောင် ကျက်ထားတဲ့သူများ အဖို့တော့ အမှတ်ပြည့်လုနီးပါး ဖြေဆိုနိုင်ကြပါလိမ့်မယ်၊ Chapter ရွေးကျက်တဲ့သူများအဖို့ကတော့ အောင်မှတ်ရအောင် တော်တော်ကြိုးစားဖြေဆိုယူကြရပါလိမ့်မယ်။ ဒါကြောင့်(၂၀၀၆)ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်ကို ကြည့်မယ်ဆိုရင် အောင်တဲ့ရာခိုင်နှုန်းနဲ့ ရှုံးတဲ့ရာခိုင်နှုန်းကို နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ရှုံးတဲ့ရာခိုင်နှုန်းက ပိုများတယ် ဆိုတာတွေ့ရလိမ့်မယ်။ အောင်တဲ့ ရာခိုင်နှုန်းမှာ ကြည့်မယ်ဆိုပြန်တော့လည်း အောင်တဲ့ကျောင်းသား၊ ကျောင်းသူအများစုဟာ ဂုဏ်ထူးပါကြတာကို တွေ့ရှိကြရပါလိမ့်မယ်။ ဒီလိုဖြစ်ရတဲ့ အကြောင်းရင်းကို တွေးကြည့်မယ်ဆိုရင် အောင်မြင်ပြီး ဂုဏ်ထူးထွက်တဲ့ ကျောင်းသူ၊ ကျောင်းသားများအား သင်ရိုးကုန်ကို သဘောပေါက် နားလည်အောင် ကြေညက်စွာ ကျက်ထားသူများဖြစ်ပြီး ရိုးရိုးအောင်မြင်သူများကတော့ Chapter 12 ခုလုံးကို စေ့စပ်စွာခြုံငုံမှု မရှိ၊ ကျရှုံးသူများကတော့ Chapter 12 ခုမှာ မိမိအတွက် လွယ်ကူတဲ့ Chapter များကိုသာ ကျက်မှတ်ဖြေဆိုကြတယ်လို့ ပေါ်လွင်ပါတယ်။

Biology မေးခွန်းဟောင်းများကိုလေ့လာပြီး မေးခွန်းမှာ Biology ဖတ်စာအုပ်ပါ Chapter(12)ခုမှ အကြောင်းအရာများကို ဘယ်လိုခွဲဝေမေးထားတယ်ဆိုတာ လေ့လာကြည့်မယ်ဆိုရင်-

No.1 TRUE/FALSE

Chapter 1	i,ii,	(2 statements)
Chapter II	iii,iv	(2 statements)
Chapter III	v	(1 statements)
Chapter IV	vi,vii,	(2 statements)
Chapter V	viii,ix,	(2 statements)
Chapter VI	x,xi,	(2 statements)
Chapter VII	xii,	(1 statements)
Chapter VIII	xiii,xiv,	(2 statements)
Chapter IX	xv,xvi,	(2 statements)
Chapter X	xvii	(1 statements)
Chapter XI	xviii,xix,	(2 statements)
Chapter XII	xx	(1 statements)

True/False statements များကို chapter (12)ခုလုံးမှ ပါဝင်အောင် ကောက်နုတ်ထားပါတယ်။ Statement များကို chapter III, VII, X and XII မှအပ ကျန် chapter မှ (2) statements စီ ကောက်နုတ်ထားတယ်။ chapter III, VII, X and XII များမှာတော့ (1) Statement ကောက်နုတ်ထားပါတယ်။ တစ်နည်းအားဖြင့် chapter (8)ခုမှ 2 statements စီ(2x8=16) chapter (4) ခုမှ 1 statement စီ (1x4=4) စုစုပေါင်း (20marks) အနေနဲ့ chapter အားလုံး ခြုံငုံမိအောင် ကောက်နုတ် မေးထားတာ တွေ့ကြပါလိမ့်မယ်။

True/False statements များကို ဖြေဆိုဖို့ statemeat ဟာ မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ ကိုက်ညီရင် True ဖြစ်ပြီး၊ မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ ကွဲလွဲမှုရှိရင် False ဖြစ်တယ်။ ကောက်နုတ်ထားတဲ့ Statement များအနေနဲ့ ဖတ်စာအုပ်မှ တိုက်ရိုက်ကောက်နုတ်ထားတာရှိသလို Own construction နဲ့ ပေးထားတဲ့ statement များလည်းရှိတာ တွေ့ရှိကြပါလိမ့်မယ်။ ဒီလိုပေးထားတဲ့ အကြောင်းအရင်းကတော့ True/False statement များကို ဖြေဆိုနိုင်ဖို့ English ဘာသာရပ်ကျွမ်းကျင်ဖို့လဲ လိုတယ်ဆိုတာ သဘောပေါက်စေလိုပါတယ်။ Chapter များပါ အကြောင်းအရာများကို သဘောပေါက်နားလည်မထားဘူးဆိုရင် True/False statement များကို ဖြေဆို နိုင်ကြမှာမဟုတ်ပါဘူး။ မဖြေနိုင်လို့ statement များကို False လို့ အားလုံး သို့မဟုတ် True လို့ အားလုံး ရေးသားဖြေဆိုခဲ့ရင်တော့ မိမိဖြေဆိုတဲ့အထဲက ရသင့်တဲ့အမှတ် ရသွားနိုင်လိမ့်မယ်ဆိုတာ ကျောင်းသူ၊ ကျောင်းသားများ ထင်မှတ်ကြရင်တော့ အရမ်းမှားပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ True/False statement အားလုံးကို True သို့မဟုတ် False လို့ ဖြေဆိုထားခဲ့ရင် ကျောင်းသူ၊ ကျောင်းသားများအပေါ် အဖြေလွှာစစ်ဆေးသူများအနေနဲ့ အရင်ဆုံးကောက်ချက်ချမှာကတော့ ဒီကျောင်းသူ၊ ကျောင်းသားများဟာ ကျန်မေးခွန်းများကိုလည်း တိကျစွာ ဖြေဆိုနိုင်ကြမှာ မဟုတ်ဘူးဆိုတာ ဖြစ်ပါလိမ့်မယ်။ ဒီ့အပြင် အမှတ်ပေး စည်းမျဉ်းအရ ထိန်းချုပ်မှုရှိပါတယ်။ အဲဒီလိုဖြေဆိုမယ်လို့ ရည်ရွယ်ထားတဲ့ ကျောင်းသူ၊ ကျောင်းသားများကို အထူးသတိပေးလိုတာကတော့ True/False statement များကို မိမိအမှန်တကယ်မှန်ရင် True၊ မှားရင် False လို့ တိကျစွာဖြေဆိုမှသာ မိမိဖြေဆိုထားတဲ့အပေါ် ရသင့်တဲ့ အမှတ်ကို ရနိုင်ကြမှာဖြစ်တယ်။

No.(2) Completion အမျိုးအစားမှာပါဝင်တဲ့ statement များကို No.1 True/False statement များမှာလိုပဲ Grade 11 Biology Text ထဲမှာပါတဲ့ chapter(12)ခုလုံးမှာ ကောက်နုတ်ခွဲဝေ မေးထားပါတယ်။ Completion statement များ အတွက်ကတော့ ကွက်လပ်ချန်ထားခဲ့တဲ့နေရာမှာ မှန်ကန်တဲ့ Word ဟာ မှန်ပေမယ့် spelling မှားနေခဲ့ရင်တော့ ဖြည့်စွက်လိုက်တဲ့ Word အတွက် သတ်မှတ်ထားတဲ့အမှတ်ကို မရနိုင်ပါ။ ဒါကြောင့် Biology Text မှာပါတဲ့ အကြောင်းအရာများကို သဘောပေါက် နားလည်ထားရုံသာမဟုတ်၊ spelling များကလည်း သတိထားကျက်မှတ်ထားကြရပါလိမ့်မည်။ အကောင်းဆုံး နည်းလမ်းကတော့ ကျက်မှတ်ထားသမျှကို ပြန်လည်ရေးသား ကျက်မှတ်ကြတဲ့ အကျင့်ပြုလုပ်ဖို့ လိုအပ်ပါတယ်။ ရေးသားကျက်မှတ်တတ်တဲ့ အလေ့အထဟာ ကျက်ထားသမျှကို မှတ်မိစေနိုင်တဲ့ နည်းလမ်းကောင်း တစ်ခုဖြစ်ပါတယ်။

No.2 Answer All question(12) Marks လို့ ဖော်ပြထားတဲ့ မေးခွန်းမျိုးမှာတော့- a,b,c,d,e, f ရယ်လို့ (၆)ပုဒ်ပေးထားပြီး (၂)မှတ်အနေနဲ့ သတ်မှတ်ထားတဲ့ မေးခွန်းအမျိုးအစားပဲ ဖြစ်ပါတယ်။ No.3 (2 Marks) အနေနဲ့ သတ်မှတ်ထားတဲ့ မေးခွန်းမျိုးမှာ Grade 11 Biology text ပါ အကြောင်းအရာများကို ခွဲဝေထားတာကတော့ a.Chapter 1 to IV မှ (၁)ပုဒ်, b. Chapter V မှ (၁)ပုဒ်, c. Chapter VI မှ (၁)ပုဒ်, d. Chapter VII မှ (၁)ပုဒ် OR Chapter VIII မှ (၁)ပုဒ်, e.Chapter IX မှ (၁)ပုဒ် OR Chapter X မှ (၁)ပုဒ်, f.Chapter XI မှ (၁)ပုဒ် OR Chapter XII မှ (၁)ပုဒ်

No.3 မှာ answer all question ဆိုပေမယ့် (OR) ခံထားတဲ့ မေးခွန်းမျိုးများပါတော့ ကျောင်းသူ၊ ကျောင်းသားများမှာ ရွေးချယ်ပိုင်ခွင့်ရှိသေးတယ်။

Grade 11 Biology ဖတ်စာအုပ်မှာ-Chapter I-IV ပါ အကြောင်းအရာများဟာ အပင်များရဲ့ အခြေခံအကြောင်းအရာများပဲ ဖြစ်ပါတယ်။ ဒါကြောင့် မေးခွန်း No(2) မှာ အပင်ရဲ့ အခြေခံပိုင်းမှ (၁)ပုဒ် ရွေးချယ်ထားခြင်းဖြစ်တယ်။

Chapter V မှာတော့-နို့တိုက်သတ္တဝါ (mammal)များအကြောင်းကို အခြေခံရစေဖို့-

- Mammals အုပ်စုများ
- Mammals များရဲ့ general characteristics များနဲ့
- The Rabbit ကို ပုံစံပြု သတ္တဝါအနေနဲ့ organ system များနဲ့ ပြည့်စုံစွာဖော်ပြထားတာတွေ့ရှိကြပါလိမ့်မယ်။ သတ္တဝါအခြေခံပိုင်းမှ (၁)ပုဒ် No.2 question အမျိုးအစားမှာ မေးထားတယ်။

Chapter VI to XI ပါ အကြောင်းအရာများကတော့ သက်ရှိလုပ်ရပ်များ Life processes များကို အပင်နဲ့သတ္တဝါများကို ပုံစံပြု ပူးတွဲဖော်ပြထားပါတယ်။

သက်ရှိများရဲ့ အခြေခံအပိုင်းဖြစ်တဲ့ Chapter I to V ကို တကယ်သဘောပေါက် နားလည်ထားကြမယ်ဆိုရင် Life Processes များကို ဖော်ပြထားတဲ့ chapter များကို ဆက်စပ်တွေးခေါ် ကျက်မှတ်တတ်ကြပါလိမ့်မယ်။ အခြေခံပိုင်းကို ကြေကြေညက်ညက် သဘောပေါက်ထားမယ်ဆိုရင် chapter VI to X ဟာ ကျက်မှတ်ဖို့ လွန်စွာမှ လွယ်ကူတယ်ဆိုတာ ဆက်စပ်တွေးခေါ်တတ်ကြပါလိမ့်မယ်။ Chapter I to X အထိ သဘောပေါက်နားလည်းထားတဲ့ ကျောင်းသူ၊ ကျောင်းသားများအဖို့ကတော့ Chapter XII မှာ အရှေ့ Chapter များမှာ ဖော်ပြထားတဲ့ အကြောင်းအရာအများစုနဲ့ ဆက်စပ်နေတာကြောင့် ခက်ခဲမှုမရှိ ကျက်မှတ်သွားနိုင်ကြမှာ ဖြစ်ပါတယ်။

Chapter XI မှာ မျိုးရိုးဆက်ခံပုံကို ဖော်ပြထားတယ်။ ဒီ chapter XI မှာလည်း မျိုးရိုးဆက်ခံခြင်းကို ဖြစ်ပေါ်စေတဲ့ genes များအကြောင်းကို နားလည်ထားမယ်ဆိုရင် Genetics မျိုးရိုးဆက်ခံခြင်းကို သဘောပေါက်နားလည်သွားနိုင်ပါတယ်။ Heterozygous genotype မှ gametes (၂)မျိုး Homozygous genotype မှ gamete (၁)မျိုး ထွက်တယ်ဆိုတဲ့ အခြေခံကို နားလည်ထားမယ်ဆိုရင် genetic problems များကိုလည်း တွက်တတ်ကြပါလိမ့်မယ်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း သုဝဏ္ဏမြို့နယ် စရည်းပင်လမ်း အမှတ်၂၂၅ နေ သားကြီး မောင်မြတ်မိုးအောင်၏ မွေးနေ့ အထိမ်းအမှတ်အဖြစ် ရဲမှူးချုပ် အောင်နွယ်(ငြိမ်း)-ဒေါ်မြမြချစ်မိသားစုက အလှူငွေကျပ် တစ်သိန်းကို လှူဒါန်းရာ ကျောင်းအကျိုးဆောင်ဆရာတော် မဟာသိမ်တော်ကြီး စာချနာယက ဦးဂန္ဓသာရက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ပိုးသတ်ဆေးသုံး သီးနှံများ မရောင်းချရေး စစ်ဆေး

မြန်အောင် ဖေဖော်ဝါရီ ၁၀

မြန်အောင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ ဒုတိယဦးစီးမှူး(အခွန်)ဒေါ်အေးအေးမြင့်ဦးဆောင်သောအဖွဲ့နှင့်ကျန်းမာရေးဦးစီးဌာနတာဝန်ရှိသူများ စုပေါင်း၍ ဇန်နဝါရီ၃၁ရက်က မြန်အောင်မြို့ နေခြည်ဈေးအတွင်း အစားအသောက်နှင့်အသား၊ ငါးများ ယင်လုံဆန်ခါဖြင့် ဖုံးအုပ် ရောင်းချရေးနှင့် ပိုးသတ်ဆေးသုံး သီးနှံများ မရောင်းချရေးတို့အတွက် ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ငမိုးရိပ်ရပ်ကွက် အမှတ် (၉၂၁)နေ ဦးသန်းမောင်-ဒေါ်ကျင်ယုံ၊ သား ဦးအုန်းငွေ-ဒေါ်တင်တင်ဝင်း၊ သမီးဒေါ်ခင်သီတာနိုင် (မော်တော်ယာဉ် လုပ်ငန်း၊ အမေ့အိမ် ထီရောင်းဝယ်ရေး) ဂါနီ အိပ်ဖဲလ်ပုလဲ ဒါရိုက်တာ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းတစ်သောင်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော်ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တီ=နီ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြို့နယ် သတင်းများ

ကင်းပုံ-ရွှေဦးကွင်း ကျောက်ချောလမ်းဖွင့်

ဝမြို့ ဖေဖော်ဝါရီ ၁၂

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့်အရှည် ပေ၄၈၀၊ အကျယ် ၁၂ပေရှိ ကင်းပုံ-ရွှေဦးကွင်း ကျောက်ချောလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ရက် နံနက်၉နာရီခွဲက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ပင်ရင်းမြန်မာစာဘာသာရပ်မှ ပြင်ဆင်ချက်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ဖေဖော်ဝါရီ ၁၇ ရက်နေ့ထုတ် သတင်းစာများပါ ပင်ရင်းမြန်မာစာဘာသာ သိမှတ်ဖွယ်ရာလာ ပိုဒ်ရေ (၂၄) မှ-

"ဝိဓူရသိပ္ပလူ့ကိစ္စ" ကဗျာကိုရေးသူမှာ ရှင်မဟာရဋ္ဌသာရဖြစ်ကြောင်း၊ "နွေဦးကာလ မြူထသောအခါ" ကို ညောင်ရမ်းခေတ်တွင် ရေးခဲ့ကြောင်း၊ "ဘုန်းနှင့်ကံနှင့်ရွှေသဇင်" သည် ရကန်ကဗျာ အမျိုးအစား ဖြစ်ကြောင်း၊ "သင်ဖွားသောမြေ သင်တို့မြေ"ဆိုသည်မှာ မြန်မာနိုင်ငံကို ဆိုလိုကြောင်း စသဖြင့် ဖြေဆိုရပုံမျိုးဖြစ်တယ်။ - ကို ပိုဒ်ရေ(၂၁)သို့ ပြောင်းရွှေ့ဖတ်ရှုပါရန်။

ဟင်္သာတမြို့တွင် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပ

ဟင်္သာတ ဖေဖော်ဝါရီ ၂၀

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အထိမ်းအမှတ် နိုင်ငံတော်အလံအလေးပြု အခမ်းအနားနှင့် ပြည်ထောင်စုနေ့ သဝဏ်လွှာဖတ်ကြားသည့် အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်နံနက်၇နာရီက ဟင်္သာတမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့်(၂၁)ရပ်ကွက်မှ ပြည်သူများ စုစုပေါင်း၂၅၉၈ ဦးတို့က ရွှေမြန်မာစစ်ကြောင်း၊ထွန်းသီရိစစ်ကြောင်း၊ ဆင်းသွယ်လတ် စစ်ကြောင်းတို့ဖြင့် ချီတက်စုရုံးကြသည်။ အခမ်းအနားတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အလံကို အလေးပြုခြင်း၊ ကျဆုံးရဲဘော်အပေါင်းအား အလေးပြုခြင်းများဆောင်ရွက်ပြီး နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ သဝဏ်လွှာကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကြည်တင်က ဖတ်ကြားကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

စာမျက်နှာ ၁၅ မှ အဆက်

No.4(4)Marks မေးခွန်းကို Answer ANY FOUR question အနေနဲ့ a to e (၅)ပုဒ် ပေးထားတာ မေးခွန်းဟောင်းများလေ့လာရင် တွေ့ရှိကြပါလိမ့်မယ်။ chapter များအရ မေးထားတဲ့ မေးခွန်ခွဲဝေမှုကတော့-

No.4. a. Chapter I-IV မှ (၁)ပုဒ်၊ b.Chapter V မှ (၁)ပုဒ်၊ c.Chapter VI မှ (၁)ပုဒ် OR Chapter VII မှ (၁)ပုဒ်၊ d.Chapter VIII မှ (၁)ပုဒ် OR Chapter IX မှ (၁)ပုဒ်၊ e.Chapter X မှ (၁)ပုဒ် OR Chapter XI မှ (၁)ပုဒ် OR Chapter XII မှ (၁)ပုဒ်

Chapter များထဲမှ အခြေခံအပိုင်းကို ရွေးချယ်မှုမပေးထားပေမယ့် ကျန် Chapter များအတွက် ရွေးချယ်မှုပေးထားပါတယ်။

No.5 Long question (8 marks) သတ်မှတ်ထားတဲ့အမျိုးအစား Answer ANY FOUR question ဖော်ပြထားပြီး a to f (၆)ပုဒ်ပေးထားတာ မေးခွန်းဟောင်းလေ့လာသူများ တွေ့ကြပါလိမ့်မယ်။

No.5 မေးခွန်းမှာလည်း (၆)ပုဒ်မှ (၄)ပုဒ် ရွေးချယ်နိုင်ရုံသာမက (OR) ခံထားတဲ့ မေးခွန်းတွေလည်း ပါတာကြောင့် ရွေးချယ်နိုင်ခွင့်ပိုများပါတယ်။ No.5မေးခွန်းခွဲဝေမှုကတော့ No.3 မေးခွန်းခွဲဝေမှုနဲ့ အတူတူပဲဖြစ်ပါတယ်။

No 3, 4 and 5 များမှာ (a,b,c,d,e,f) စသည်တို့ဖြင့် ပေးထားသောမေးခွန်းများ ဖြေဆိုတဲ့အခါ (a,b,c,d,e,f) အထဲမှ မိမိဖြေဆိုနိုင်ဆုံးဟာ (c) ဖြစ်နေခဲ့ရင် (c) ကိုအရင်ဆုံးစဖြေပါ။ အဖြေရဲ့နံပါတ်ကို မှန်ကန်အောင်တော့ အထူးသတိထားတတ်ရန်လိုတယ်။ (c) ဖြေထားပြီး (a) မတပ်ပါနဲ့၊ ဒီလိုပဲ (a) ဖြေထားပြီးရင်လည်း (c) လို့မတပ်မိဖို့ အရေးကြီးပါတယ်။ ရွေးချယ်ပိုင်ခွင့်ရှိတဲ့ မေးခွန်းမျိုးဆိုရင် မိမိတကယ်တတ်ကျွမ်းတဲ့ မေးခွန်းကို ရွေးချယ်ဖြေဆိုပါ။ မေးခွန်းရွေးမမှားစေဖို့ အထူးသတိပြုကြပါ။

အမှတ်တကယ်တော့ Biology Chapter-I to V မှနောက်ပိုင်း Chapter များဟာ Chapter-I to V ကိုသာ ကြေကြေညက်ညက် ကျက်မှတ်ထားကြမယ်ဆိုရင် ကျန် Chapters များကို ဆက်စပ်ပြီး ကျက်မှတ်သွားနိုင်ကြပါလိမ့်မယ်။ ဆက်စပ်တွေးခေါ်တတ်ဖို့တော့လိုတယ်။ ဒါကြောင့် ဆရာမအနေနဲ့ သတိပေးလိုတာကတော့ Chapter-I to Vကို အဓိပ္ပာယ်ရှိရှိ သဘောပေါက်နားလည်အောင် ကျက်မှတ်ပြီး ကျန် Chapterများကိုလည်း ဆက်စပ်တွေးခေါ်ကျက်မှတ်ကြပါ။ ဒီလိုကျက်မှတ်မယ်ဆိုရင် အခု ဖော်ပြသွားတဲ့ မွေးခွန်းပုံစံကို ကျောင်းသူ၊ ကျောင်းသားများအနေနဲ့ ခက်ခဲမှုမရှိဘဲ လွယ်ကူစွာ ကျက်မှတ် သွားနိုင်လိမ့်မယ်လို့ ယုံကြည်တယ်။ ဒီလိုဆိုရင် ကျောင်းသူ၊ ကျောင်းသားတိုင်းဟာ Biology ဖြေဆိုကြတဲ့အခါ မိမိတို့ မျှော်မှန်းထားတဲ့အတိုင်း ဂုဏ်ထူးအမှတ်များရပြီး အောင်မြင်သွားကြလိမ့်မယ်လို့ ပြောကြားရင်း ဒီကနေ့ပို့ချတဲ့ Biology သင်ခန်းစာသိကောင်းစရာ ဟောပြောချက်ကို ဒီမှာပဲ ရပ်နားလိုက်ပါတယ်။ ။

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်

e- Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ
(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၂၆-၂-၂၀၀၇ (တနင်္လာနေ့)

- ❑ Systematic Position and External Features of Mystus Seenghala (Nga-gyaung)
  - ဒုတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Characteristics of the Invertebrates
  - တတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၂၇-၂-၂၀၀၇ (အင်္ဂါနေ့)

- ❑ Applied Aspects of Invertebrates
  - တတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Digestive System of Rana tigrina
  - ဒုတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- Migration of Fish
  - တတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၂၈-၂-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

- ❑ Homeostasis
  - ပထမနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Malarial Parasites of Man
  - တတိယနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၁-၃-၂၀၀၇ (ကြာသပတေးနေ့)

- ❑ Language and Education (1)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ
- ❑ Sociolinguistics (1)
  - တက္ကသိုလ်ဒီဂရီကောလိပ်များတွင် အင်္ဂလိပ်စာသင်ကြားပို့ချလျက်ရှိသော ဆရာ ဆရာမများ

၃-၃-၂၀၀၇ (စနေနေ့)

- ❑ Statistical Theory Moments and Generating Functions
  - ဒုတိယနှစ် စီးပွားရေးအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ ASEAN Economics
  - ဒုတိယနှစ် စီးပွားရေးအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Input Output Analysis
  - ဒုတိယနှစ် စီးပွားရေးအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Philosophy of Environmental Conservation and Substainabal Development
  - ဒုတိယနှစ် ဒဿနိကဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Contemporary Western Philosophy Pragmatism
  - ဒုတိယနှစ် ဒဿနိကဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ The Philosophy of Kierkegaard
  - ဒုတိယနှစ် ဒဿနိကဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Theory of Truth Function and Compound Propositions
  - ဒုတိယနှစ် ဒဿနိကဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Nastika School
  - ဒုတိယနှစ် ဒဿနိကဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Philosophy of Law
  - ဒုတိယနှစ် ဒဿနိကဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Buddha's Philosophy
  - ဒုတိယနှစ် ဒဿနိကဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Realism (အစစ်အမှန်ဝါဒ)
  - ဒုတိယနှစ် ဒဿနိကဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ The study of Contemporary Western Idealism
  - ဒုတိယနှစ် ဒဿနိကဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

၄-၃-၂၀၀၇ (တနင်္ဂနွေနေ့)

- ❑ အာသံနိုင်ငံမော်ကွန်း၏ ဂုဏ်ရည်
  - ဒုတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ ဘာသာဆောင်းပါးလာ ဥပမာစကားနှင့်မွေးစားစကားလုံးများ အကြောင်း
  - ဒုတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ မွေ့နွှန်းရကန်မှ စာဆို ရွှေတောင်နန္ဒသူ၏ အရေးအဖွဲ့ စွမ်းရည်
  - ဒုတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ ပါဠိဘာသာအကြောင်း လေ့လာချက်
  - ဒုတိယနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Translation
  - ဒုတိယနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ တရားဦးဓမ္မစကြာ
  - ဒုတိယနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ ထေရီတို့၏ ဘဝနှင့်ဓမ္မ
  - ဒုတိယနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ ဝေါဟာရတ္ထပကာသနီ
  - ဒုတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ ရွှေပြည်စိုးဝတ္ထုမှ ဇာတ်ဆောင်စရိုက်
  - ဒုတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ စကားပြေရွေးချယ်ချက်များမှ ပထမ ကလောင် စကားပြေ အကြောင်း
  - ဒုတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ သမာသ်
  - ဒုတိယနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ ဗုဒ္ဓ၏ နောက်ဆုံးဖြစ်ရပ်များ
  - ဒုတိယနှစ် အရှေ့တိုင်းပညာအထူးပြု ကျောင်းသား ကျောင်းသူများ

ကျောက်တန်း အေးစေတီလမ်း ကတ္တရာလမ်းသစ်ဖွင့်

ကျောက်တန်း ဖေဖော်ဝါရီ ၁၆

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်တန်းမြို့ ရွှေကုန်းရပ်ကွက် အေးစေတီလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ရက် နံနက် ၈နာရီက အဆိုပါ လမ်းသစ် ရှေ့မှခ်ဦး၌ ကျင်းပသည်။

အဆိုပါ လမ်းဖွင့်ပွဲ သို့ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့် တက်ရောက်၍ မြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်ခင်၊ အမှုဆောင်အရာရှိဦးဖြူညွန့်နှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်လင်းတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)(မြို့နယ်စည်ပင်)

အရာတော်မြို့၌ စက်ရေတွင်းတူးဖော်

အရာတော် ဖေဖော်ဝါရီ ၈

အရာတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် တူးဖော်ပေးလျက်ရှိသော ဝါးတန်းကျေးရွာအုပ်စုတွင် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများအား တာဝန်ခံအင်ဂျင်နီယာ ဦးသင်းအောင် ဦးဆောင်၍ သောက်သုံးရေရရှိရန် စက်ရေတွင်းတူးဖော်မှုကိုဇန်နဝါရီ၂၇ရက်က အမှုဆောင်အရာရှိ ဦးသိန်းမင်း ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မိုးညှင်းမြို့နယ် နတ်ကြီးကုန်းရပ်ကွက်ရှိ အင်းဝလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ၃ရက်က ကျင်းပရာ အမှုဆောင် အရာရှိ ဦးစိုးညွန့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းဟန်တို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

မြန်မာ့သစ်လုပ်ငန်း အခြေစိုက်အလုပ်ရုံ(ပြည်) မီးသတ်သင်တန်းဆင်း လုပ်အားစွမ်းရည် ထူးချွန်ဆုရသူများ ဆုပေးအပ်ချီးမြှင့်

ပြည် ဖေဖော်ဝါရီ ၁၈

မြန်မာ့သစ်လုပ်ငန်း အခြေစိုက်အလုပ်ရုံ (ပြည်) အကြိုအခြေခံ မီးသတ်သင်တန်း (၂/၂၀၀၇)သင်တန်းဆင်းပွဲ နှင့် ၂၀၀၆-၂၀၀၇ခုနှစ် လုပ်အားစွမ်းရည် ထူးချွန်ဆုများ ပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက် မွန်းလွဲ ၁ နာရီက မြန်မာ့သစ်လုပ်ငန်း အခြေစိုက်အလုပ်ရုံ (ပြည်) ပြင်ဆင်ရေးဌာနစိတ်ရှေ့တွင်ကျင်းပရာ မြန်မာ့သစ်လုပ်ငန်း ရန်ကုန်မြို့မှ ခေတ္တအထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ဦးအောင်ဆန်းအား အကြိုအခြေခံမီးသတ်တပ်ဖွဲ့ဝင်များက အခြေခံစစ်ရေးပြဘာသာရပ်ကို လက်တွေ့သရုပ်ပြသကြသည်။**(အပေါ်ပုံ)**

ထို့နောက် လုပ်အားစွမ်းရည်ထူးချွန်ဆုများ ပေးအပ်ပွဲ အခမ်းအနားကို မြန်မာ့သစ်လုပ်ငန်း အခြေစိုက်အလုပ်ရုံ (ပြည်) ရုံးအစည်းအဝေးခန်းမတွင်ကျင်းပရာ မြန်မာ့သစ်လုပ်ငန်း ရန်ကုန်မြို့မှ ခေတ္တအထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ဦးအောင်ဆန်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့သစ်လုပ်ငန်း အခြေစိုက်အလုပ်ရုံ (ပြည်)မှ မန်နေဂျာ (အင်ဂျင်နီယာ) ဦးနေဝင်းက ၂၀၀၆-၂၀၀၇ခုနှစ် လုပ်အားစွမ်းရည် ထူးချွန်ဆုများပေးအပ်ရခြင်း ရည်ရွယ်ချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆုချီးမြှင့်

ယင်းနောက် လုပ်အားစွမ်းဆောင်ရည် ထူးချွန်ဆုရရှိသူများအား မြန်မာ့သစ်လုပ်ငန်း ရန်ကုန်မြို့မှ ခေတ္တအထွေထွေမန်နေဂျာ (အင်ဂျင်နီယာ) ဦးအောင်ဆန်းက လည်းကောင်း၊ လုပ်အား ပံ့ပိုးမှု ထူးချွန်ဆုရသူများအား မြန်မာ့သစ်လုပ်ငန်း အခြေစိုက် အလုပ်ရုံ (ပြည်)မှ မန်နေဂျာ (အင်ဂျင်နီယာ) ဦးနေဝင်းက လည်းကောင်း၊ ဝန်ထမ်းများ ခွင့်ယူရက် အနည်းဆုံးသူများအား လက်ထောက်မန်နေဂျာ (အင်ဂျင်နီယာ) ဦးမိုးတေဇာအောင်က လည်းကောင်း ဆုများချီးမြှင့်ပေးအပ်ကြသည်။ **(၄၀၃)**

ညောင်တုန်း အထက(၁) နှစ်ပတ်လည်စည်းဝေး ပညာရည်ချွန်နှင့် အိုးဝေလက်ရေးလှဆုများချီးမြှင့်

ညောင်တုန်း ဖေဖော်ဝါရီ ၁၆

ညောင်တုန်းမြို့ အထက(၁) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်က လှိုင်ပညာခန်းမတွင် ကျင်းပသည်။

အတည်ပြု

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းငွေ၊ မြို့နယ်ပညာရေးမှူး ဦးဝင်းထိန်၊ ကျောင်းအကျိုးတော်ဆောင် နာယက ဦးကျော်ခင်၊ ဒုတိယဥက္ကဋ္ဌ ဦးဖုန်းမြင့်တို့က ပညာသင်ကြားရေး တိုးတက်အောင်မြင်ရေးနှင့် ကျောင်းဖွံ့ဖြိုးမှု လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး အတွင်းရေးမှူး ဦးရဲသီခိုင်က ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားအတည်ပြုကြသည်။

လက်ခံယူ

ထို့နောက် အိုးဝေပုံနှိပ်တိုက်ပိုင်ရှင် ဦးခင်မောင်ညို မိသားစုက အိုးဝေလက်ရေးလှဆုငွေပဒေသာပင်အတွက် ဒုတိယအကြိမ် ငွေကျပ်တစ်သိန်းကို ထပ်မံလှူဒါန်းရာကျောင်းအုပ်ဆရာမကြီးဒေါ်စန်းငွေက လက်ခံရယူသည်။**(အောက်ပုံ)**

ထို့နောက် မြို့နယ်ပညာရေးမှူး ဦးဝင်းထိန်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းငွေနှင့် တာဝန်ရှိသူများက ပညာရည်ချွန်ဆုများ၊ အိုးဝေလက်ရေးလှ ဆုများကို ချီးမြှင့်သည့်အပြင် ကျောင်းပျက်ရက် မရှိသော ဆရာ၊ ဆရာမများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ **(၀၉၈)**

၁၃၆၈ ခုနှစ် တပေါင်းလဆန်း ၉ ရက်
၂၄-၂-၂၀၀၇ (စနေနေ့)

မြန်မာ့အသံ နားဆင်စရာ

နံနက်ပိုင်း

- ၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

- ၀၉:၃၀ တူယှဉ်သီကြွေး စုံတွဲတေး
  - (၁) ချစ်သူတို့ဘဝဝယ် (အောင်ရင်၊ လေးလေးဝါး)
  - (၂) ငယ်ကျွန်းဆွေ (မင်းအောင်၊ အိဖြူ)
  - (၃) ချစ်စေတနာရှင် (မြတ်ထွဋ်၊ ပန်းအိဖြူ)
- ၀၉:၄၅ အာဆီယံ အစီအစဉ်
- ၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၁၁:၃၅ ရေဒီယိုမဂ္ဂဇင်း
  - (၁) အုတ်တစ်ချပ်သဲတစ်ပွင့်(ခေါင်းကြီး)
  - (၂) ခိုင်မြဲသောသစ္စာများဖြင့်(ဆောင်းပါး)
- ၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
- ၁၂:၁၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ (ငွေယုန်ကယ်လိုက်ပြန်ပြီ)
- ၁၃:၁၀ ပညာရေးအစီအစဉ် (ဘီအီးဒီ-ရူပဗေဒတတ်ကျွမ်းမှု Radioactiuity)

ညနေပိုင်း

- ၁၆:၁၀ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (ဇီဝဗေဒ၊ သမိုင်း)
- ၁၇:၀၀ မေးကြည့်၊ ဖြေကြည့် အေအိုင်ဒီအက်စ်ပဟေဠိ
- ၁၇:၁၀ အဆို၊ အက၊ အရေး၊ အတီးဆုရ (ဧရာဝတီတိုင်းမှ ချောစုစံနှင့် ရခိုင်ပြည်နယ်မှ မသန်းသန်းဝင်းတို့၏ ခေတ်ဟောင်း/ကာလပေါ်တေး)
- ၁၇:၁၅ ခေတ်ဟောင်းတေး
  - (၁) စိတ် (ခင်မောင်ရင်)
  - (၂) တစ်လိမ်နှစ်လိမ် (မောင်တင်မောင်၊ ခင်နှင်းရီ)
  - (၃) အုံးစက်ရာ (မေနု)
- ၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
- ၁၇:၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ခရီးသွားခြင်းနှင့် ကျန်းမာရေး) (ဒေါက်ထွေး-ဆေး/မန်း)
- ၁၈:၂၅ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)
- ၁၈:၄၀ သိမှတ်စရာကွန်ပျူတာ (အင်တာနက်ကို ဘယ်လိုဝင်ရောက်ရှာဖွေကြည့်ရှုကြမလဲ)
- ၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (ရတနာ့စိန် တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် အိအိချွန်၏ လှည်းယာဉ်တော်စီးရီး)
- ၂၀:၃၀ တေးသံစုံ (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့)
- ၂၀:၄၀ ခံစားနားဆင်မြန်မာတေးသံစဉ်
  - (၁) မောင့်ကို ဘယ်သူမှမချစ်ရဘူး (ချစ်စပယ်)
  - (၂) ချစ်ပြုံးနှင်းဆီ (ရေနံ့သာစိုးလှိုင်)
  - (၃) အပျော့ဆွဲ (ကြွယ်ကြွယ်)

ကျောင်းကုန်းမြို့နယ်ဥက္ကဋ္ဌဖလား ခြင်းလုံးပြိုင် အနိုင်ရဗိုလ်စွဲအသင်းအား ဆုပေးအပ်ချီးမြှင့်

ကျောင်းကုန်း ဖေဖော်ဝါရီ ၁၈

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အထိမ်းအမှတ် ရပ်ကွက်နှင့် စခန်းနယ်မြေပေါင်းစုံ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲကိုဖေဖော်ဝါရီ ၁၂ရက် ညနေ ၄ နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် မြို့မမိုးလုံလေလုံ အားကစားရုံတွင် ကျင်းပသည်။

ပြိုင်ပွဲတွင် ဆုရရှိသည့်အသင်းအား ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းဇော်က ပြိုင်ပွဲကျင်းပရခြင်းနှင့် ဆောင်ရွက်ချက်ကို ရှင်းလင်းပြီး ပြိုင်ပွဲတွင် အမှတ်(၂)ရပ်ကွက် လက်ရွေးစင်အသင်းနှင့် ထောက်ရာကျေးရွာ လက်ရွေးစင်ခြင်းလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အမှတ်(၂)ရပ်ကွက် လက်ရွေးစင်အသင်းက အနိုင်ရသွားရာ မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က အမှတ်(၂)ရပ်ကွက် လက်ရွေးစင်ခြင်းလုံးအသင်းအား ဥက္ကဋ္ဌဖလားဆုချီးမြှင့်သည်။ **(အပေါ်ပုံ)** **(၂၆၅)**

အမြို့မြို့ အနယ်နယ် သတင်းများ

မော်ကျွန်း အမျိုးသမီးရေးရာအဖွဲ့ကြီးမှူး မြို့မရပ်ကွက်ပေါင်းစုံ ထမနဲထိုးပြိုင်ပွဲကျင်းပ

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၇

မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော မြို့မရပ်ကွက်ပေါင်းစုံ ထမနဲထိုးပြိုင်ပွဲကို ဇန်နဝါရီ ၃၁ ရက် ညနေ ၄ နာရီက မော်လမြိုင်ကျွန်းမြို့ ပြည်သူ့ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

ယှဉ်ပြိုင်

ယင်းမြို့မရပ်ကွက်ပေါင်းစုံ ထမနဲထိုးပြိုင်ပွဲသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မေထွေးနှင့် အဖွဲ့ဝင်များ၊ မြို့မရပ်ကွက်များမှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့မရပ်ကွက် ၁၂ရပ်ကွက်မှ ထမနဲထိုးအဖွဲ့များပါဝင်ယှဉ်ပြိုင်ကြသည်။**(ဝဲပုံ)**

အဆိုပါ မြို့မရပ်ကွက်ပေါင်းစုံ ထမနဲထိုးပြိုင်ပွဲတွင် ပထမဆုရမြို့မ(၁) ရပ်ကွက်၊ ဒုတိယဆုရ မြို့မ(၁၂)ရပ်ကွက်နှင့် တတိယဆုရ မြို့မ(၂)ရပ်ကွက်တို့အား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မေထွေးနှင့် အဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(၀၉၇)**

မိမိတို့သင်ယူရမည့် ဘာသာရပ်များ ကျွမ်းကျင်တတ်မြောက်အောင် ကြိုးစား ပြည်သူများ အားကိုးကြရမည့် ဆရာဝန်ကောင်းများဖြစ်လာရေး ရည်မှန်းထားရှိ

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ချောက်မြို့နယ် ငွေးချိုကျေးလက် ကျန်းမာရေးဌာနကို ကြည့်ရှုစစ်ဆေးစဉ်။ (ကျန်းမာရေး)

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းတွင် ကျောက်ပန်းတောင်းမြို့နယ်ဆေးရုံသို့ ရောက်ရှိပြီး လူနာဆောင်များ၊ ဓာတ်မှန်ခန်း၊ ဓာတ်ခွဲခန်းနှင့် ဆောက်လုပ်ဆဲ အဆောင်များကို ကြည့်ရှုစစ်ဆေး၍ ဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ချောက်မြို့နယ် ငွေးချို ကျေးလက်ကျန်းမာရေးဌာနသို့ ရောက်ရှိပြီး ကျန်းမာရေးဌာန အဆောက်အအုံပြီးစီးမှု အခြေအနေနှင့် သားဖွားခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး အခြေခံ ကျန်းမာရေးဝန်ထမ်းများအား လိုအပ်သည်များ မှာကြားသည်။ ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ချောက်မြို့နယ် ငွေးပင် ကျေးလက်ကျန်းမာရေးဌာနသို့ရောက်ရှိကာ ဌာနအတွင်း ကြည့်ရှုစစ်ဆေးသည်။

အလေးထားဆောင်ရွက်

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ရေနံချောင်းခရိုင် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကာ လူနာဆောင်များ၊ ဆေးရုံ ဝန်းကျင်နှင့် ရောဂါတိုက်ဖျက်ရေးဌာနများကို လှည့်လည်စစ်ဆေး၍ လိုအပ်သည်များ မှာကြားပြီး အစည်းအဝေးခန်းမ၌ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဆေးရုံကို ပြည်သူလူထု အားကိုးလာပြီး ပြည်သူများက ဆေးရုံအသုံးချမှု ပိုမိုတိုးတက်လာရေး ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းကို အလေးထား ဆောင်ရွက်ကြရန် မှာကြားသည်။ *စာမျက်နှာ ၉ ကော်လံ ၁* ●

ပုလဲအတွဲများ ကြည့်ရှုလေ့လာ

မြန်မာ့ပုလဲ ရောင်းချပွဲ-၂၀၀၇ တွင် ပြည်ပနိုင်ငံ ပုလဲ **ကုမ္ပဏီများမှ ပုလဲကုန်သည်များ ပုလဲအတွဲများကို ကြည့်ရှုလေ့လာကြစဉ်။** (သတင်းစဉ်)

နိုင်ငံတော်ဝင်ငွေ တိုးတက်ရရှိနိုင်ရေးရည်ရွယ် မြန်မာ့ပုလဲရောင်းချပွဲ ဒူးဇစ်အင်းလျားလိတ်ဟိုတယ်၌ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

နိုင်ငံတော်ဝင်ငွေ တိုးတက်ရရှိနိုင်ရေး ရည်ရွယ်ချက်ဖြင့် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၏ **"မြန်မာ့ပုလဲ ရောင်းချပွဲ-၂၀၀၇"** (Myanmar Pearl Auction-2007) ကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ဒူးဇစ် အင်းလျားလိတ်ဟိုတယ်၌ စတင်ကျင်းပသည်။

တက်ရောက်ဝယ်ယူ

အဆိုပါ **"မြန်မာ့ပုလဲရောင်းချပွဲ-၂၀၀၇"** တွင် မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေး *စာမျက်နှာ ၆ ကော်လံ ၃* ✻

မြန်မာ့အလင်း ပြည်တွင်းပြည်ပ သတင်းအညွှန်း

ခြီစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

မကွေးတိုင်းတိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ လူမှုရေး အသင်းအဖွဲ့များ ပူးပေါင်း၍ ဖေဖော်ဝါရီ ၃ရက်က မကွေးမြို့ မြို့ရှောင်လမ်းဘေး ဝဲယာတစ်လျှောက်တွင် ခြီစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ပြည်တွင်းသတင်း အတိုအထွာ (စာ-၁၁)

နေ့စဉ် ကိုယ်လက်လှုပ်ရှားမှုအဖြစ် လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ခြင်း၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက်များကို များများစားသုံးခြင်း၊ နေ့စဉ်အချိန် မိနစ် ၆၀မှ မိနစ်၉၀အထိ ခပ်သွက်သွက်လမ်းလျှောက်ခြင်း၊ ကိုယ်အလေးချိန် လျှော့ချခြင်းတို့ပြုလုပ်ပါက နှလုံးရောဂါနှင့် လေဖြတ်ဝေဒနာများ မခံစားရနိုင်။

အင်တာနက် ကျန်းမာရေး (စာ-၄)

ဖူလ်ဟမ်ကို အနိုင်ရယူဦးမည့်မန်ယူ အကြိတ်အနယ်နွှဲရမည့် မန်စီးတီးနှင့်ချယ်လ်ဆီး ပရီမီယာလိဂ်ပွဲစဉ်(၂၈) သုံးသပ်ချက်

အားကစားသတင်း (စာ-၁၂)

ပါတီအပေါ် အယုံအကြည်မရှိတော့သဖြင့် မတ္တရာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်တစ်ဦး အပြီးအပိုင်နုတ်ထွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မန္တလေးတိုင်း မတ္တရာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးသောင်းမြင့်သည် ဇန်နဝါရီ ၁၆ ရက်တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်း၏ဆန္ဒအလျောက် နုတ်ထွက်လွှာကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာပေးပို့ နုတ်ထွက်ခဲ့သည်။

မတ္တရာမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် နိုင်ငံနှင့်လူမျိုးအတွက် အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ခြင်းမရှိသဖြင့် NLDပါတီနှင့် ပါတီလုပ်ငန်းများအပေါ် အယုံအကြည် မရှိတော့သဖြင့် မိမိဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ အပြီးအပိုင်နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)